မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V. K. Duggal အား ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုတို့ တက်ရောက်ကြပြီး ဧည့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskear Kumar Mitra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V. K. Duggal အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V. K. Duggal အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး သဘာဝအရင်းအမြစ်များ ထိထိမိမိ အသုံးချ

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးသီးနှံများ အောင်မြင် ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ဧကတိုးချဲ့ရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာရရှိရေးနှင့် နည်းပညာများ တိုးတက်ရရှိရေးတို့ကို နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက် ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ရေနှင့်မြေသည် တန်ဖိုးမဖြတ်နိုင်သော သဘာဝ သယံဇာတ အရင်းအမြစ်များ ဖြစ်သည်။ စိုက်ပျိုးမြေချဲ့ထွင်ရေးနှင့် စိုက်ပျိုးရေ အလုံအလောက် ရရှိရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းများတွင် ဒေသလိုအပ်ချက်နှင့်အညီ ဆည်များ၊ တာတမံများကို တည်ဆောက်ပေးခဲ့ရာ ယခုအခါ ဆည်တာတမံပေါင်း ၁၉၅ခု ရှိလာခဲ့ပြီ ဖြစ်သည်။ ဆည်၊ တာတမံများအပြင် စိုက်ပျိုးရေရရှိရေး နည်းလမ်းများကို အဘက်ဘက်က ကြံဆပြီး ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်းများနှင့် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများကိုလည်း ဒေသအနှံ့အပြားတွင် ဆောင်ရွက်ပေးခဲ့သဖြင့် အသားတင် စိုက်ပျိုးမြေဧက ၁၉ သန်း ကိုးသိန်းမှ ၂၉ သန်း သုံးသိန်းအထိ တိုးတက်လာခဲ့သည်။

ယင်းသို့ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ စီမံဖြည့်ဆည်းပေးနေမှုများကြောင့် ယခင်က မိုးရေကိုသာမျှော်ကိုးပြီး စိုက်ပျိုးနေရသည့် ဒေသများမှာ ယခုအခါ ဆည်ရေဖြင့် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်က ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ တောင်သူဦးကြီးများက သဘာဝအရင်းအမြစ်များကို ထိထိမိမိ အသုံးချနိုင်သည်နှင့်အမျှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာလာမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

EDMS and Myanmar Unicode Training Course သင်တန်းဖွင့် ယူနီကုတ်သုံး မြန်မာစာလုံးစနစ်အကြောင်း စာတွေ့လက်တွေ့ပို့ချမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းက ဖွင့်လှစ်ပို့ချသည့် EDMS and Myanmar Unicode Training Course **သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းမှာ အစိုးရအဖွဲ့အစည်းများ အချင်းချင်း အကြား အိုင်တီနည်းပညာအသုံးပြု ရုံးလုပ်ငန်း စီမံခန့်ခွဲမှု စနစ်ဖြစ်သော EDMS (Electronics Document Management System) အကြောင်းနှင့် ယူနီကုတ်သုံး မြန်မာစာလုံးစနစ်အကြောင်းတို့ကို စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချမည့် သင်တန်းဖြစ်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အနေဖြင့် ဝန်ကြီးဌာနအသီးသီး၏ အိုင်တီနည်းပညာပိုင်းဆိုင်ရာများကို ဖြည့်ဆည်းပေးသော သင်တန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း-၆)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ရက် နံနက်၉နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးဖွင့်လှစ်

ရှေးဦးစွာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင်များက မျိုးချစ်အခြေခံဇာတိမာန်သီချင်းနှင့် အင်အားသစ်များနှင့်အတူ သီချင်းများကိုသီဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့အတွက် အလှူရှင် ၃၅ဦးက အလှူငွေကျပ်၃၂သိန်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် တိုင်းနှင့်ခရိုင် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက ၂၀၀၆ ခုနှစ်အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် ဦးတည်ချက် (၉)ရပ်ကိုလည်းကောင်း၊ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ၂၀၀၇ ခုနှစ် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ အခမ်းအနားကို တွံတေးမြို့နယ် လွှတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာ ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေပညာရပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

First To Fifth Batch (B.A, Law, LL.B)ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၇ရက် (စနေနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည် ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေ လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်ဝေဝေကြည် ဖုန်း-၆၆၀၂၆၀၊ ဦးအေးသောင်း ဖုန်း-၃၈၇၆၃၁၊ ဦးဝင်းစိန် ဖုန်း-၇၀၉၆၆၀၊ဦးလှမြင့် ဖုန်း-၃၈၀၃၂၄၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁-၂၄၈၆၈နှင့် ဦးဟန်ထူး ဖုန်း-၅၂၇၂၄၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နောင်တော်ကြီးစေတီစိန်ဖူးနှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့်မင်္ဂလာကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့်ပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ နောင်တော်ကြီး စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်အရပ်ရှိ ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီးစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပိုမိုတင့်တယ် ကြည်ညိုဖွယ် ဖူးတွေ့ပူဇော်နိုင်ရန် ရောင်တော်ဖွင့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ အောင်မြေတန်ဆောင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့်ပူဇော်သည်။

တက်ရောက်ကြည်ညို

အဆိုပါ ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒစရိယ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်များ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသည့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အများပြည်သူလှူဒါန်းသော ရတနာပစ္စည်းများကို နောင်တော်ကြီးစေတီတော်အားရည်မှန်းပြီး မဟာအောင်မြေဘုံစံဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာအောင်မြေဘုံစံဆရာတော်က ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့် တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ပူဇော်

ထိုအချိန်တွင် အများပြည်သူလှူဒါန်းသော ရတနာပစ္စည်းများကို ရွှေတိဂုံစေတီတော်၏ ဘာသာရေးအသင်းအဖွဲ့ဝင်များက ပန်းစိုက်ဖလားနှင့် နဖူးစည်းဆိုင်းဘုတ်တို့ကို ကိုင်ဆောင်၍လည်းကောင်း၊ သာသနာ့အလံများကို ကိုင်ဆောင်၍လည်းကောင်း၊ မင်္ဂလာစည်တော်အဖွဲ့မှ စည်တော်များ ရွှမ်း၍လည်းကောင်း ဦးဆောင်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်

များက ရတနာပစ္စည်းများကို ပင့်ဆောင်ပြီး နောင်တော်ကြီးစေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထိုကဲ့သို့ အများပြည်သူ လှူဒါန်းသည့် ရတနာပစ္စည်းများအား ပင့်ဆောင်၍ လှည့်လည်ပူဇော်ခံရာတွင် လှည့်လည်ပူဇော်ခံရာလမ်းတစ်လျှောက် နောင်တော်ကြီးစေတီတော်၏ အရပ်လေးမျက်နှာတို့မှနေ၍ ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများက မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိတော်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နောင်တော်ကြီးစေတီတော်၏ အထက်ပစ္စယာသို့ တက်ရောက်၍ စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထိုအချိန်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများက ရတနာပစ္စည်းများအား စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စေတီတော်၏ အထွတ်စိန်ဖူးတော်ငြမ်းသို့ တက်ရောက် နေရာယူကြသည်။

ရောင်တော်ဖွင့်

ထို့နောက် မင်္ဂလာအခါတော် အကြံပေး ဦးကျော်က ရောင်တော်ဖွင့် မင်္ဂလာ အခမ်းအနား အစီအစဉ် များကို ဖတ်ကြားကြေညာပြီး ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စိန်ဖူးတော်အား တရော်ကင်ပွန်းဖြင့် ဆေးကြောသန့်စင် ပူဇော်ပြီး ရေစင်ရေသန့်တို့ဖြင့် ထပ်မံဆေးကြောပူဇော် ရောင်တော်ဖွင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များက စေတီတော် စိန်ဖူးတော်အား တရော် ကင်ပွန်းတို့ဖြင့်လည်းကောင်း၊ ရေစင်ရေသန့်တို့ဖြင့်လည်းကောင်း ဆေးကြောပူဇော်ကြပြီး ရောင်တော်ဖွင့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်အား စံပယ်ပန်းများ ဆက်ကပ်လှူဒါန်း၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်အား ရောင်တော်ဖွင့် ပူဇော်ရန်အတွက် ငှက်မြတ်နားတော်ငြမ်းအဆင့်သို့ ပြောင်းရွှေ့နေရာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဦးဆောင်၍ စိန်ဖူးတော်၏ လက်ကိုင်အောက်ခြေတွင် ဘက်စုံပြုပြင်မွမ်းမံမှု မော်ကွန်းကမ္ပည်းစာကို တပ်ဆင်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အများပြည်သူလှူဒါန်းသည့် ရတနာပစ္စည်းများကို စေတီတော်၏ ငှက်မြတ်နားတော်တွင် တပ်ဆင်ပူဇော်ပေးကြသည်။

ဆက်လက်၍ ရွှေဆည်းလည်း ပဒေသာနှင့် ငှက်မြတ်နားတော်တို့အား တရော်ကင်ပွန်းတို့ဖြင့်လည်းကောင်း၊ ရေစင် ရေသန့်တို့ဖြင့်လည်းကောင်း ဆေးကြောပူဇော်၍ ရောင်တော်ဖွင့်ပေးကြသည်။

ထိုကဲ့သို့ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် ပူဇော်နေချိန်တွင် မင်္ဂလာအခါတော် အကြံပေး ဦးကျော်က စိန္တာမဏိဂါထာနှင့် ရောင်တော်ဖွင့် ဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်အား စံပယ်ပန်းများ ဆက်ကပ်လှူဒါန်းပြီးနောက် အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က ဆားဗီးယားသမ္မတနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Dragan Janekovic ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

ကာဘန်ဂူလီဘာဒီမူခါမီဒို့ဗ်သည် တနင်္ဂနွေနေ့က မဲဆန္ဒပေးပွဲတွင် အနိုင်ရရှိပြီးနောက် တပ်ခ်မင်နစ္စတန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းသည် ဂျပန်နိုင်ငံသို့ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန် ရောက်ရှိနေကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဗင်နီဇွဲလားနိုင်ငံတစ်ဝန်း ရောင်းချသော ဈေးဆိုင်များအားလုံးကို အစိုးရက သတ်မှတ်ထားသော ဈေးနှုန်းထက် ကုန်ပစ္စည်းများ ဈေးတက်ရောင်းပါက ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ကို ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အိန္ဒိယနိုင်ငံပိုင် ဘဏ်ကြီးသုံးခုက စီးပွားရေးတိုးတက်ရေး ငွေကြေးဖောင်းပွမှုလျော့နည်းစေရန် ချေးငွေအတိုးနှုန်းများကို မြှင့်တင်လိုက်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ အနှစ် ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ် ဆီးနှင်းများ မကြုံစဖူး ကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် အင်တာနက်တွင် ဖော်ပြသည်။

အင်္ဂလန်၌ စားသောက်ဆိုင်များ၊ ဈေးဆိုင်များတွင် ဆေးလိပ်သောက်သုံးမှုပိတ်ပင်နိုင်ရန် ရဲတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာတို့အား သင်တန်းပေးလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၅ ရက် အင်တာနက်သတင်းအရ သိရသည်။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၂–၂၀၀၇ ရက်

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရား တော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၃၅ ၈။ **"အဲဒီမှာစတွေ့တာပဲ"** (မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၂၃)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း–၁၃)

ဆန်တန်ချိန် ငါးသိန်း အင်ဒိုနီးရှား တင်သွင်းမည်

ဂျကာတာ ဖေဖော်ဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံက ဆန်ဈေးတည်ငြိမ်ရေးအတွက် ဆန်တန်ချိန် ၅၀၀၀၀၀ တင်သွင်းမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ယူဆွပ်ကာလာက ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားနပ်ရိက္ခာ ထောက်ပံ့ပေးရေးအဖွဲ့ အကြီးအကဲ ဝစ်ဂျန်နာကို ပတ်ခပိုယို၊ ကုန်သွယ်ရေးဝန်ကြီးမာရီအယ်ကာပန်ဂျက်စတူ၊စီးပွားလုပ်ငန်းဆိုင်ရာ ဝန်ကြီး ဆူဂျီဟာတိုနှင့် စီးပွားရေး ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးဘိုဒီယိုနိုတို့ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီးနောက် အင်ဒိုနီးရှား အစိုးရက ဆန်တန်ချိန် ၅၀၀၀၀၀ တင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထောက်ပံ့

ယင်းတင်သွင်းမည့် ဆန်များသည် ဆန်ဈေးတည်ငြိမ်ရေးကို အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်းၕင်းက ဆက်လက်ပြောကြားသည်။

ရည်ရွယ်

အင်ဒိုနီးရှား အစိုးရက ဆန်တစ်ကီလိုဂရမ်ကို ရူပီး ၅၀၀၀ (အမေရိကန် ဒေါ်လာ ၀ ဒသမ ၅ ဒေါ်လာ) ဈေးရှိရာမှ ဆန်တစ်ကီလိုဂရမ်လျှင် ရူပီး ၄၀၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၄ ဒေါ်လာ) သို့ လျှော့ချနိုင်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

အဓိက

ယင်းနိုင်ငံက ယခုနှစ် မတ်လတွင် ဆန်တန်ချိန် ၂၅၀၀၀၀ တင်သွင်းမည်ဖြစ်ကြောင်း ၎င်းအစိုးရက ပြောကြားသည်။အင်ဒိုနီးရှားနိုင်ငံ၌ လူဦးရေသန်း ၂၄၀ရှိရာတွင် ဆန်ကိုအများစုစားသုံးကြပြီး အဓိက ရောင်းကုန်ပစ္စည်းလည်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်ကို တိုက်ခိုက်လာလျှင် ပြစ်ဒဏ်ခတ်မည်ဟု အီရန်သမ္မတ ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၅

အီရန်နိုင်ငံအား အမေရိကန်တိုက်ခိုက်မည့် အလားအလာမှာ လွန်စွာနည်းပါးကြောင်း၊ မိမိတို့နိုင်ငံအား တိုက်ခိုက်လာလျှင် မိမိတို့က ဒဏ်ခတ် ပစ်မည်ဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်ဟု ဖေဖော်ဝါရီ ၁၂ရက်က ကြေညာသည်။

အီရန်နိုင်ငံအား အမေရိကန် တိုက်ခိုက်မည်ကို စိုးရိမ်ပူပန်ခြင်းရှိ၊ မရှိ မေးမြန်းရာတွင် အမေရိကန်နိုင်ငံ၌ ထိုသို့သောဥပဒေနှင့် ဆန့်ကျင်သည့် လုပ်ရပ်မျိုးကို ဟန့်တားမည့် ပညာရှိပြည်သူများရှိနေသည်ဟု မိမိတို့ ယူဆသည့်အတွက် ယင်းသို့ဖြစ်လာရန် အလားအလာ နည်းပါးကြောင်း အီရန်သမ္မတက ပြောကြားလိုက်သည်။

ဒဏ်ခတ်မည်

မိမိတို့နိုင်ငံအား တိုက်ခိုက်လာပါက ပြတ်ပြတ်သားသား ပြစ်ဒဏ်ခတ်ပစ်မည်ဖြစ်ကြောင်းကို မိမိတို့ ကြေညာထားပြီးဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားလိုက်သည်။ ထို့ပြင် အီရန်နိုင်ငံသည် မည်သည့်နိုင်ငံနှင့်မျှ ပဋိပက္ခ မဖြစ်လိုကြောင်း၊ ကမ္ဘာ့ပြဿနာများကို တွေ့ဆုံ ဆွေးနွေး အဖြေရှာသင့်သည်ဟု ယုံကြည်ကြောင်း ၎င်းက ထည့်သွင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆီးနှင်းများဖုံးလွှမ်း

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ အိုဟား အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသဖြင့် ရှင်းလင်းနေကြသည်ကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေ့ခင်းပိုင်း တစ်မှေးအိပ်စက်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ကျစေနိုင်

အေသင် ဖေဖော်ဝါရီ ၁၅

လူတို့အနေဖြင့် နေ့ခင်းပိုင်းအချိန်တွင် တစ်မှေးမျှအိပ်စက်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုလျှော့ကျစေနိုင်ကြောင်း ဂရိသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

နေ့ခင်းပိုင်းအချိန်တွင် တစ်နေ့လျှင် မိနစ် ၃၀ခန့် ခေတ္တအိပ်လိုက်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို ၃၇ရာခိုင်နှုန်း ကျဆင်းစေကြောင်း၊ ထို့အပြင် နှလုံးရောဂါတိုက်ခိုက်ခံရမှုမှလည်း ကာကွယ်ပေးနိုင်ကြောင်း အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ဂရိသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

ထိရောက်

ထို့အပြင် နေ့ခင်းပိုင်းအချိန်တွင် တစ်မှေးမျှ အိပ်လိုက်ခြင်းဖြင့် ကိုယ်ခန္ဓာလန်းဆန်းတက်ကြွမှုကိုအထောက်အကူပေးသည့်အပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိရောက်သောအကျိုးပြုမှုဖြစ်စေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

တစ်ဖန် ထိုသို့နေ့ခင်းပိုင်း တစ်မှေးမျှအိပ်လိုက်ခြင်းသည် ကိုယ်ရောစိတ်ပါ အနားပေးလိုက်ခြင်းဖြစ်ပြီး စိတ်ဖိစီးမှုများကိုလည်း လျှော့ကျစေကြောင်း လူပေါင်း၂၃၆၈ဦးကို သုတေသနပြုခဲ့ရာမှတွေ့ရှိခဲ့ရသည်ဟု ဂရိသုတေသနအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဒီမီရော့စ်ထရီကိုပေါ်စလို့စ်က ပြောကြားသည်။

(အင်တာနက်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကလောင်တိုးအရပ်၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပသည့် သရီးဂျီအက်စ်အမ်ကုန်စည်ပြပွဲ၌ ပြသထားသည့် မိုဘိုင်းလ်ဖုန်းများကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ဝင်ထပ်မံစေလွှတ်မည့် ဘုရှ်အစီအစဉ် ရှုံးနိမ့်မည့် လောင်းကစားခြင်းသာဖြစ်ဟုဆို

ဒူဘိုင်း ဖေဖော်ဝါရီ ၁၅

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့ချထားမည့် အမေရိကန် သမ္မတဘုရှ်၏ အစီအစဉ်မှာ ကျဆုံးရန်သေချာသည့် လောင်းကစားမှုတစ်ရပ်သာဖြစ်ကြောင်း အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ ဒုတိယခေါင်းဆောင် အယ်ဇာဝါမာရီက ပြောကြားသည်ဟု အမေရိကန်အခြေစိုက်လုံခြုံရေးဝက်ဘ်ဆိုက် အင်တာနက် သတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖော်ပြလိုက်သည်

တွန်းအားပေး

သမ္မတဘုရှ်၏ လောင်းကစားဝါသနာကြီးမှုက ၎င်းအားလုံးဝချွတ်ခြုံကျသွားသည့်တိုင်အောင်၊ အရှုံးပေါ်မည့် လောင်းကစားများ စတင်လုပ်ရန် သူ့ကို တွန်းအားပေးနေကြောင်း အယ်ဇာဝါမာရီက ပြောကြားသည်။

ရှုမြင်ကြ

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀ ထပ်မံစေလွှတ်မည်ဟု သမ္မတဘုရှ်က ကြေညာထားသည်။ ထိုလုပ်ရပ်မှာ အီရတ်သူပုန်အုပ်စုများ အနေဖြင့် သူတို့ အောင်ပွဲ၏ အမှတ်လက္ခဏာတစ်ခုအဖြစ် ရှုမြင်ကြသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဗန်ကောက်မြို့၌ မီးလောင်မှုဖြစ်ပွား အိမ် ၃၀၀ကျော်မီးဘေးသင့်

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကလောင်တိုးအရပ်၌ မီးလောင်မှု ဖြစ်ပွားခဲ့ရာ နေအိမ်အလုံး၃၀၀ကျော် မီးဘေးသင့်ခံရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စတင်လောင်ကျွမ်း

အဆိုပါမီးမှာ ဖေဖော်ဝါရီ၁၂ရက် နံနက်တစ်နာရီ ၁၅မိနစ်က စတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း မီးလောင်မှုကြောင့် ဒေသနေပြည်သူတစ်ဦး အနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း နေ့ရှင်းသတင်းစာ၌ ဖော်ပြထားသည်။ ရဲတပ်ဖွဲ့က မီးစတင်လောင်ကျွမ်းခဲ့သည့်နေအိမ်မှ အမျိုးသားတစ်ဦးကို ဖမ်းဆီးထားကြောင်း၊ ယင်းမီးလောင်မှုမှာအဆိုပါ ဖမ်းဆီးခံရသူ အမျိုးသား၏ဇနီးနှင့် အိမ်နီးချင်းများ စကားများရန်ဖြစ်ခဲ့ပြီးနောက် နေအိမ်ကို မီးရှို့ခံရကြောင်း ပြောကြားခဲ့သည်ကို နေ့ရှင်းသတင်းစာတွင် ဆက်လက်ဖော်ပြသည်။

ဆောက်လုပ်ပေး

အဆိုပါ မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော မီးဘေးဒုက္ခသည်များအား ကလောင်တိုးအရပ်၌ ယာယီတဲများ ဆောက်လုပ်ပေးထားရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အခြေခံရောင်းဝယ်ရေး သမဝါယမအသင်းများ ကုန်မျိုးစုံဆိုင်များ ဖွင့်လှစ်ပြီးမြောက်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ဒေါပုံမြို့နယ်လုံးဆိုင်ရာ အခြေခံစားကုန်နှင့် ကုန်မျိုးစုံအရောင်းဆိုင်များ ဖွင့်လှစ်ပြီးမြောက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြောက်ဥက္ကလာပ မြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ သမဝါယမဦးစီးဌာနများနှင့် အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း **(အပေါ်ပုံ)**နှင့် ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌဦးခင်မောင်အေးတို့ကအမှာစကား ပြောကြားကြပြီး ရန်ကုန်တိုင်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း စုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း) က ရန်ကုန်တိုင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှု

ယင်းနောက် အရောင်းဆိုင်ဖွင့်လှစ်ခဲ့သည့် သုံးမြို့နယ်မှ မြို့နယ်ဦးစီးအရာရှိများ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌများနှင့် အခြေခံရောင်းဝယ်ရေး သမဝါယမအသင်း ၄၆ သင်းတို့မှ ဥက္ကဋ္ဌများအား ဗဟိုသမဝါယမအသင်းနှင့် ရန်ကုန်တိုင်း အသင်းစုချုပ်တို့မှ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အထိမ်းအမှတ် လက်ဆောင်များပေးအပ်ကာ အရောင်းဆိုင်ဖွင့်လှစ်သည့် အသင်းဆိုင်များသို့ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင်(၁၃) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိက ဆရာကြီးဦးစိန်ဝင်က ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီ မှညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက် နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဗလငါးတန်ပွဲ ပြီးဖို့ စာအုပ်စာပေလေ့လာစို့

သဃ်န်းကျွန်းမြို့နယ် ဇ/တောင် ရပ်ကွက်အတွင်း တည်ထားသော ရှေးဟောင်း သမိုင်းဝင်ဥက္ကလာဦးစေတီ ရွှေသင်္ကန်းကပ်လှူရေးအတွက် ဝေယျာဝစ္စအဖွဲ့က အလှူခံရရှိငွေကျပ် ၃၅ သိန်းကို နာယကဆရာတော် ဘဒ္ဒန္တပညာဝံသ ရှေ့မှောက်တွင် နာယက ဦးကိုကိုမောင်က ဂေါပက အတွင်းရေးမှူး ဦးမောင်မောင်စိုးထံ ပေးအပ်စဉ်။ (က-ပ)

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွံတေးမြို့နယ်ရုံးသည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိရပ်ကွက်ရှိ ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးအေးသောင်းက ငွေကျပ်သုံးသောင်း၊ ငါးလုပ်ငန်းရှင် ဦးစန်းဝင်း-ဒေါ်နီနီစန်းမိသားစုက ငွေကျပ်နှစ်သောင်း **(အပေါ်ဝဲပုံ)**၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြဝင်းက စာအုပ်မျိုးစုံ ၂၅ အုပ် (တန်ဖိုးငွေကျပ် ၅၀၀၀)၊ အုန်းပင်စုရပ်ကွက်မှ ဦးကိုကိုနိုင်က ဂျာနယ်မျိုးစုံ ၂၉ အုပ်(တန်ဖိုးငွေကျပ် ၄၃၀၀) အသီးသီးပေးအပ် လှူဒါန်းကြရာ မြို့နယ်ရုံးဦးစီးမှူးဦးအေးသောင်းနှင့် စာ/ထောက်(၃) ဦးမြတ်လှိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟာစည် ထာဝရဆွမ်းပဒေသာပင် အပင် ၃၀၀၀ ပြည့် ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မဟာစည်ယောဂီ ရဟန်းရှင်၊ လူ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် ထာဝရကုသိုလ်ရည်မှန်း၍ ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ရာ ယခုအခါ (၂၃)ကြိမ်၊ (၂၄)ကြိမ်နှင့် (၂၅)ကြိမ်မြောက် အပင် ၃၀၀၀ ပြည့် ထပ်မံစိုက်ထူလှူဒါန်းပြီးဖြစ်သည်။

အပင် ၃၀၀၀ ပြည့် ရေစက်ချလှူဒါန်းပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် စနေနေ့(၁၃၆၈ခုနှစ် တပေါင်းလဆန်း ၂ရက်နေ့)တွင် ဖလ်ယဉ်ဓမ္မာရုံ မဟာစည် သာသနာ့ရိပ်သာ၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ကောင်းမှုရှင် အပေါင်းတို့အား ကြွရောက်ပါမည့်အကြောင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး စီမံကွပ်ကဲမှုဖြင့် ဖေဖော်ဝါရီ ၁ ရက်က မြန်မာ့သစ်လုပ်ငန်း သဘော်တင်ဌာနစု မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်နိုင်ဦးနှင့် အလုံမြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်ဒွေးဝင်းတို့က ဟောပြော သရုပ်ပြစဉ်။ (က-ပ)

အရှင်တိက္ခဉာဏအား ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျေးဇူးရှင်ဆရာသမားများဖြစ်ကြသော ကွက်သစ်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိ (မဟာသဒ္ဓမ္မဇောတိကဓဇ) ရန်ကုန် တိပိဋကရေ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)ရွှေလင်ပန်းကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တဉာဏတို့အား ဦးထိပ်ထား၍ ရန်ကုန်တိုင်း လှိုင်သာယာ ရွှေလင်ပန်း စက်မှုဇုန်မြို့ ပညာလင်္ကာရ ရွှေကျောင်းတိုက်မှ နိုင်ငံတော် အစိုးရ ဓမ္မာစရိယတန်းအောင်မြင်သော သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်တိက္ခဉာဏအား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၈ ခုနှစ် တန်ခူးလဆန်း ၈ရက် မွန်းလွဲ ၁ နာရီတွင် ပညာလင်္ကာရ ရွှေကျောင်းတိုက် ရွှေလင်ပန်းကျေးရွာ လှိုင်သာယာမြို့ ရန်ကုန်တိုင်း၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြွရောက်ပူဇော် ကြည်ညိုနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၀ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဒုတိယတန်း ဘာသာစုံထူးချွန် ပထမဆုရ မဟန်နီထွန်းတင်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပန်းတစ်ပွင့်တောင်ဆရာတော် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်သည် မတ် ၁ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ၉၃ လမ်း ဓမ္မာရုံ၊ မတ် ၃ ရက်တွင် ညောင်တုန်းမြို့နယ် ပဲရုံဆိတ်ကျေးရွာ မင်္ဂလာမဏ္ဍပ်၊ မတ် ၅ ရက်၊ ၆ ရက်တွင် အဖျောက်မြို့နယ် အောက်ရေကံကုန်းရွာမင်္ဂလာမဏ္ဍပ်၊ မတ် ၉ ရက်တွင် ကျိုက်လတ်မြို့ ဦးထွန်းအောင်-ဒေါ်မေဇင်ဦးတို့၏ မင်္ဂလာမဏ္ဍပ်၊ မတ် ၁၁ ရက်တွင် မှော်ဘီမြို့နယ် တောင်ပို့တစ်ရာရွာ မင်္ဂလာမဏ္ဍပ်၊ အောင်မြေသာစည်စေတီတော် ရွှေထီးတော်သစ်တင်လှူပွဲ အောင်ပွဲအထိမ်းအမှတ်၊ မတ် ၁၃ရက်တွင် ပဲခူးတိုင်းမင်းလှမြို့ဈေးကြီးရှေ့ မင်္ဂလာမဏ္ဍပ်တို့တွင် ညစဉ် ၇ နာရီမှစ၍ လည်းကောင်း၊ မတ် ၁၄ ရက် မွန်းလွဲတစ်နာရီတွင် ပဲခူးတိုင်း မင်းလှမြို့ ဈေးကြီးရှေ့ မင်္ဂလာမဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

ပန်းတစ်ပွင့်တောင် ဆရာတော် တရားပွဲ ပင့်လျှောက်လိုသူများ ဖုန်း-၀၅၅-၂၀၂၅၃၊ ၂၀၅၃၃သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်းသိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၇ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း တရားတော် (အရှင်အာစာရာလင်္ကာရဆရာတော်)
၈း၁၀ ယွန်းဖြစ်တည်ရာ ကျောက်ကာရွာ
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ Myanmar Video Rhythm
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ ကျောက်ကပ်နှင့်ကျောက်ကပ်ရောင်ရောဂါအကြောင်း (ဒေါက်တာခင်မောင်ဌေး)
၉း၅၅ မိုးလေဝသခန့်မှန်းချက်
၁၀း၀၀ နိုင်ငံ့ဂုဏ်ကိုဖော်ဆောင်နေသော စက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ Zaw Win Htut (Rock and Roll Night Birthday Show)
၁၁း၀၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ မြန်မာစာ၊ မြန်မာစကား(၅)
၁၁း၃၀ ပြည်တွင်း သတင်းအကျဉ်း
၁၁း၄၀ အမွန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၂း၀၀ တေးဂီတအစီအစဉ်
၁၂း၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀ နမ့်မွေတံတား
၁၂း၄၀ တေးဂီတအစီအစဉ်
၁၂း၄၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိ တစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၁၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များညီလာခံ ဖွင့်လှစ်

စာတမ်း ၁၆ ခုကို အထူးကုဆရာဝန်ကြီးများက တင်ပြဆွေးနွေး

ဝေဒနာရှင်များအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေခဲ့ပြီ

တွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဆေးပညာရှင်များအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်များ ပြန့်ပွားစေရန် နိုင်ငံတကာဆေးပညာရှင်များနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်အပြင် ဆေးပညာများ စဉ်ဆက်မပြတ် လေ့လာနိုင်စေရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ဖေဖော်ဝါရီ၁၅ရက် နံနက်က စတင်ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ညီလာခံသို့ တက်ရောက်လာသော အထူးကုဆရာဝန်ကြီးများက စာတမ်း၁၆စောင်ကို တင်ပြဆွေးနွေးခဲ့ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော စင်ကာပူနိုင်ငံမှ နားအထူးကု ဆရာဝန်ကြီး Dr. Yeo Seng Beng နှင့် မြန်မာနိုင်ငံမှ စာတမ်းတင်သွင်းကြသော အထူးကုဆရာဝန်ကြီးအချို့တို့အား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

"ဒီမှာ ခွဲစိတ်ကုသမှုတွေကို မြန်မာနိုင်ငံက အထူးကုဆရာဝန်ကြီးတွေနဲ့ အတူတွဲပြီး လုပ်ရတာ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်"

Dr. Yeo Seng Beng
စင်ကာပူနိုင်ငံမှ နားအထူးကုဆရာဝန်ကြီး

စိတ်လှုပ်ရှားစရာ

ပထမဦးစွာစင်ကာပူနိုင်ငံမှ နားအထူးကုဆရာဝန်ကြီး Dr. Yeo Seng Beng က "မြန်မာနိုင်ငံကိုပထမဦးဆုံး အကြိမ် ရောက်ခဲ့တာပါ။ ဒီမှာခွဲစိတ်ကုသမှုတွေကို မြန်မာနိုင်ငံက အထူးကုဆရာဝန်ကြီးတွေနဲ့အတူ တွဲပြီးလုပ်ရတာ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ သူတို့တွေက သိချင်မှု၊ လေ့လာချင်မှု၊ စိတ်အားထက်သန်ကြတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

Dr. Yeo Seng Beng သည် စင်ကာပူနိုင်ငံ Tan Tock Seng Hospital & NUH, S'pore မှ ဆရာဝန်ကြီးတစ်ဦးဖြစ်ပြီး စုစုပေါင်း ဆရာဝန် ခြောက်ဦးပါရှိကာ မြန်မာနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များနှင့် ပြီးခဲ့သည့် နှစ်ရက်ကပင် ပူးတွဲခွဲစိတ်မှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

"အခုအချိန်အထိ နားခွဲစိတ်မှု ၁၁ခု ပြုလုပ်ခဲ့ပြီး စစ်ဆေးမှုအကြိမ် (၅၀) လောက် လုပ်ခဲ့ပြီးပါပြီ၊ နှစ်နိုင်ငံဆရာဝန်ကြီးတွေ အခုလို ပူးပေါင်းဆောင်ရွက်မှုက အလွန်တန်ဖိုးရှိပါတယ်။ လေ့လာဆည်းပူးခွင့်တွေ အပြန်အလှန်ရရှိခဲ့သလို မိမိတို့ သိသလောက်လဲ ဆွေးနွေးပြသနိုင်ခဲ့ကြပါတယ်"ဟု Dr. Yeo Seng Beng က မြန်မာ့အလင်းသို့ ပြောကြားသည်။

အလွန်ကောင်းမွန်

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် စင်ကာပူနိုင်ငံတွင် မြန်မာနိုင်ငံမှ နား၊နှာခေါင်း၊ လည်ချောင်းဆရာဝန်များကို ဖိတ်ခေါ်ကာ ဆေးပညာများ လေ့လာစေမည့် အစီအစဉ်များလည်း ရှိလာမည်ဖြစ်ကြောင်း သိရသည်။ အလွန်ကောင်းမွန်သော အစီအစဉ်ပင်ဖြစ်သည်။

ထို့နောက် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ စာတမ်းများ တင်ပြဆွေးနွေးကြမည့် အထူးကုဆရာဝန်ကြီး ၁၆ဦးအနက်မှ အချို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ပထမဦးစွာ မော်လမြိုင်ဆေးရုံကြီးမှ ပြည်နယ် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်နွဲ့ဝင်းအား တင်ပြမည့်စာတမ်းနှင့် ပတ်သက်၍ မေးမြန်းရာ ဒီစာတမ်းကို "နားလေးရောဂါ တိုက်ဖျက်ရေးစီမံချက်

"အသံ အရည်အသွေးအပေါ် လည်ပင်းကြီး အကျိတ်ခွဲစိတ်ခြင်း၏ အကျိုးသက်ရောက်မှု စာတမ်းကို တင်ပြဆွေးနွေးမှာပါ"

ဒေါက်တာအောင်ဝင်းထွန်း
နား၊နှာခေါင်း၊လည်ချောင်း
အထူးကုဆရာဝန်ကြီး(ရန်ကုန်)

စာတမ်း" လို့အမည်ပေးထားပါတယ်။ မွန်ပြည်နယ်အတွင်းမှာ ပြုလုပ်ခဲ့တဲ့ နားလေးရောဂါ စစ်တမ်းကောက်ယူပြုစုထားတဲ့ စာတမ်းပါ၊ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ခြောက်မြို့နယ်မှာ လူခြောက်ထောင်မှာ နားလေးရောဂါဘယ်လောက်ရှိလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုကာကွယ်တားဆီး နိုင်မလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုစုခဲ့တာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

များစွာအထောက်အကူရရှိ

ထိုသို့ မွန်ပြည်နယ်အတွင်း နားလေးရောဂါသည်များ စာရင်းကောက်ယူရာတွင် လူမှုရေးအဖွဲ့အစည်းများက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အောင်မြင်မှုရရှိခဲ့ကြောင်းလည်း သိရသည်။ နားလေးရောဂါသည်များအတွက် များစွာအထောက်အကူရရှိစေမည့် စာတမ်းပင်ဖြစ်သည်။

ထို့နောက် "နှာခေါင်းကင်ဆာရောဂါများ ခွဲစိတ်ခြင်း အတွေ့အကြုံ"စာတမ်းရှင် ဒေါက်တာခင်စန်းလွင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဒေါက်တာ ခင်စန်းလွင်မှာ ကျောက်ဆည်ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သည်။

"ဒီစာတမ်းကတော့ ခရိုင်အတွင်း ဖြစ်ပွားနေတဲ့ နှာခေါင်းကင်ဆာရောဂါသည်များကို ခရိုင်အတွင်း ဆေးရုံတွေမှာရှိတဲ့ ကိရိယာတွေနဲ့ ခွဲစိတ်ကုသပေးနေခြင်းအကြောင်း တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီစာတမ်းကို နှစ်နှစ်လောက် အချိန်ယူပြီး ပြုစုထားတာပါ။ နှာခေါင်းကင်ဆာ ဖြစ်ပွားနေတဲ့ လူနာကိုးဦးကို ခွဲစိတ်ခဲ့တဲ့အတွေ့အကြုံအပေါ် အခြေခံပြီး ရေးသားထားခြင်းလဲ ဖြစ်ပါတယ်"ဟု အထူးကုဆရာဝန်ကြီး ဒေါက်တာခင်စန်းလွင်က ပြောကြားသည်။

ဆက်လက်ပြီး "အသံအရည်အသွေးအပေါ် လည်ပင်းကြီး အကျိတ်ခွဲစိတ်ခြင်း၏ အကျိုးသက်ရောက်မှု"စာတမ်းရှင် ဒေါက်တာ အောင်ဝင်းထွန်းနှင့် တွေ့ဆုံမေးမြန်းဖြစ်သည်။ ဒေါက်တာအောင်ဝင်းထွန်းသည် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ (ရန်ကုန်)မှ အထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်သည်။

"နားလေးရောဂါတိုက်ဖျက်ရေးစီမံချက် စာတမ်းနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှာပါ"

ဒေါက်တာတင်နွဲ့ဝင်း
နား၊ နှာခေါင်း၊ လည်ချောင်း
အထူးကုဆရာဝန်ကြီး(မော်လမြိုင်)

ပြုစုတင်ပြ

"ဒီစာတမ်းကို ပြုစုရတဲ့ ရည်ရွယ်ချက်ကတော့ လည်ပင်းနားတစ်ဝိုက် အသံအိုးရှိတဲ့နေရာနားမှာ ခွဲစိတ်ရတဲ့အခါ အသံထွက်ခြင်းကို ထိခိုက်နိုင်ချေ ရှိမရှိ၊ အသံကို ထိခိုက်နိုင်မှုရှိမရှိ လေ့လာဆန်းစစ်မှုမရှိသေးတာမို့ အခုလို ဒီစာတမ်းကို ပြုစုတင်ပြရခြင်းဖြစ်ပါတယ်" ဟု ဒေါက်တာအောင်ဝင်းထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အမှာစကားပြောကြား

(၁၆)ကြိမ်မြောက် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်များညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦး အမှာစကား ပြောကြားစဉ်။

စိုးရိမ်စရာမရှိ

ထိုစာတမ်းသည် လူနာ ၆၂ဦးကို လက်တွေ့ခွဲစိတ်ကုသခဲ့ရမှုအပေါ် အခြေခံပြီး တစ်နှစ်ခန့် လေ့လာသုတေသနပြုခဲ့ရခြင်းဖြစ်ကြောင်း၊ ခွဲစိတ်မှုအတွေ့အကြုံအရ ကျွမ်းကျွမ်းကျင်ကျင်ခွဲစိတ်နိုင်လျှင် အသံကို လုံးဝထိခိုက်နိုင်စရာမရှိပါကြောင်း၊ လူနာများစိုးရိမ်စရာ မရှိနိုင်ပါကြောင်းလည်း ၎င်းက ဆက်လက် ရှင်းပြသည်။

နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင်များအတွက် အလွန်အကျိုးရှိစေမည့် စာတမ်းများဖြစ်ပြီး(၁၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ ညီလာခံသည် ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြု အကျိုးဖြစ်ထွန်းစေနိုင်သော ရလဒ်များဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"နှာခေါင်းကင်ဆာရောဂါများ ခွဲစိတ်ခြင်း အတွေ့အကြုံ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမှာပါ"

ဒေါက်တာခင်စန်းလွင်
ကျောက်ဆည်ဆေးရုံကြီး

“အိုးတစ်လုံးဖြစ်ရန်အတွက် အိုးလုပ်သားများဟာ အဆင့်ဆင့်လုပ်ကိုင်ရပါတယ်”
ဦးဉာဏ်ထွန်းမြင့်
(စဥ့်အိုးလုပ်ငန်းရှင်၊ တွံတေးမြို့)

တွံတေးမှ အိုးလုပ်ငန်းသည် ရိုးရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ် ရန်ကုန်မြို့နှင့် အခြားမြို့များသို့ ရေလမ်း၊ ကုန်းလမ်းဖြင့် တင်ပို့ရောင်းချ

ကွင်းဆင်းမေးမြန်းသူ – အထက်မင်းလှညွန့်အောင်
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော် ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှသာပြည်ထောင်စုကြီး တစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်ကကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသအသီးသီးတွင် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ကမ္ဘာ့နိုင်ငံ အများအပြားတွင်လည်း ကျေးလက်ဖွံ့ဖြိုးရေးကို အလေးထားကြိုးပမ်းဆောင်ရွက် လာကြသည်ကိုတွေ့ရသည်။ ကျေးလက် ဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် ကျေးရွာ



တွံတေးမြို့မှ ရေအိုးများမှာ ရောင်းပန်းလှလျက်ရှိသည်။

တစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး(One Village, One Product) လှုပ်ရှားမှုကို ဂျပန်နိုင်ငံ ဖူကူအိုကာခရိုင် အိုအိတမြို့တွင် ၁၉၇၉ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုကြောင်း တွေ့ရှိခဲ့ရသည်။ ဒေသတစ်ခုစီ၊ ကျေးရွာတစ်ရွာစီက ထုတ်ကုန်အမည်(အမယ်) တစ်မျိုးမျိုး၊ သို့မဟုတ် ထုတ်ကုန်အမည်(အမယ်) အချို့ကို အထူးပြုထုတ်လုပ်ကာ ဒေသအမည်ဖြင့် တစ်နိုင်ငံလုံးသို့ ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ ဈေးကွက်တင်ပို့နိုင်ရန် ကြိုးစားကြခြင်း ဖြစ်သည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ပုသိမ်ထီးလုပ်ငန်း၊ ပုသိမ်ဟာလဝါလုပ်ငန်း၊ မွန်ပြည်နယ် ဘီလူးကျွန်းချောင်းဆုံဒေသ ရွာလွတ်ရွာမှ ဆေးတံလုပ်ငန်း၊ ပုဂံညောင်ဦး ဒေသမှ ယွန်းထည်နှင့်ပုန်းရည်ကြီးလုပ်ငန်း၊ အမရပူရ ပိုးထည်လုပ်ငန်း၊ အင်းလေးဒေသ ငွေထည်၊ ပိုးထည်၊ ကြာသက်ချည်ရက်လုပ်မှုလုပ်ငန်း၊ ကဝမြို့နယ်ဒါးပိန်ရွာမှ ပန်းပုလုပ်ငန်း၊ မန္တလေးမြို့မှ ကျောက်ဆစ်နှင့် ရွှေချည်ထိုးလုပ်ငန်း၊ စစ်ကိုင်းတိုင်း ကျောက်မြောင်းမှ စဥ့်အိုးလုပ်ငန်း၊ မိုးကုတ်မှ ကျောက်မျက်လုပ်ငန်း၊ တွံတေးမြို့မှ ငါးမွေးမြူရေးနှင့် အိုးလုပ်ငန်းတို့သည် ထင်ရှားကျော်ကြားသော ဒေသထုတ်ကုန်များ ဖြစ်ကြသည်။

အိုးလုပ်ငန်း

ထင်ရှားကျော်ကြားသော ဒေသထုတ်ကုန်များအနက် ရန်ကုန်တိုင်း တွံတေးမြို့မှ အိုးလုပ်ငန်းသည် ရိုးရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်ပြီး သက်တမ်းရှည်ကြာစွာဖြင့် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ တွံတေး အိုးလုပ်ငန်းအကြောင်း အများပြည်သူ သိရှိနိုင်စေရန် မြန်မာ့အလင်းက ဖေဖော်ဝါရီ၄ ရက်တွင် သွားရောက် ကွင်းဆင်းလေ့လာရေးသား တင်ပြလိုက်ပါသည်။

စဥ့်အိုးလုပ်ငန်း

ရှေးဦးစွာ တွံတေးမြို့အိုးဖိုအရှေ့ရပ်ကွက် နှင်းဆီလမ်းအမှတ် ၄၅၀ ရှိ ဦးဉာဏ်ထွန်းမြင့်–ဒေါ်နှင်းရီတို့၏ စဥ့်အိုးလုပ်ငန်းသို့ သွားရောက် လေ့လာရာ ဦးဉာဏ်ထွန်းမြင့်က–

“အိုးတစ်လုံးဖြစ်ဖို့ အိုးလုပ်သားတွေဟာ အဆင့်ဆင့်လုပ်ကိုင်ရပါတယ်။ အိုးလုပ်ဖို့ လိုအပ်တဲ့ ချောင်းမြေ(မြေနက်)ကို ပါးပါးလှီး၊ တောင်မြေ(မြေလုံး)(မြေနီ)ကို အမှုန့်ကြိတ်၊ အဲဒီနှစ်ခုကို အချိုးကျရောစပ်ပြီး ရေထည့်ကန်ထဲမှာ တစ်ည စိမ်ထားရပါတယ်။

စိမ်ပြီးသား မြေကို လူနဲ့နင်း၊ သို့မဟုတ် စက်နဲ့ကြိတ်တဲ့အခါ အိုး

“တွံတေးမြို့မှ ထွက်ရှိသောအိုးများကို သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ မအူပင်၊ ဘိုကလေး၊ ဖျာပုံ၊ ပုသိမ်နှင့် ရန်ကုန်မြို့များအပြင် ကနေဒါ၊ ဂျာမနီ၊ ဩစတြေးလျ၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများကိုလဲ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်”
ဒေါ်လှရီ
(အိုးဖြန့်ဖြူးရေးလုပ်ငန်း၊ တွံတေးမြို့)

လုပ်နိုင်တဲ့ မြေသားကို ရပါတယ်။ အဲဒီမြေသားကို အိုးတစ်လုံးစာ ရွံ့အတောင့်များ ပြုလုပ်ရပါတယ်။ အဲဒီ ရွံ့အတောင့်များကို အိုးဆရာက ကိုယ်လိုရာပုံ သွန်းလောင်းရပါတယ်။

ရှေးဦးစွာ အိုးထိန်းစက် ပျဉ်ပြားပေါ်မှာ ပြာမှုန့်များခံ၍ ကတာကို တင်ရပါတယ်။ ကတာဆိုတာ အထူတစ်လက်မခန့်ရှိပြီး စက်ဝိုင်းပုံ အိုးလုပ် ရွံ့မြေဖြစ်တယ်။ အိုးဖင်ဖြစ်မယ့် ရွံ့စေးဖြစ်တယ်။ အိုးအကြီး၊အသေးပေါ်မူတည်ပြီး ကတာအကြီး၊အသေး ကွာခြားပါတယ်။ ပြာမှုန့်ခံပြီးမှ ကတာကို တင်ရခြင်းမှာ အိုးလုပ်ပြီးတဲ့အခါ အိုးဖင်(ကတာ)နဲ့ အိုးထိန်းစက် ကပ်မနေစေရန် ဖြစ်ပါတယ်။

အဲဒီနောက် အတောင့်ပြုလုပ်ထားတဲ့ရွံ့ကို ကတာပေါ် အခွေလိုက် တင်လိုက်ရပါတယ်။ အဲဒီလို အခွေတင်စဉ် တပည့်လုပ်သူက အိုးထိန်းစက်ကို ဖြည်းညင်းစွာ လှည့်ပေးရပါတယ်။ အခွေလိုက် တင်ပြီးတဲ့ အခါမှာ ဇောက်နက်တဲ့ခွက်ပုံ ဖြစ်သွားပါတယ်။ အဲဒီခွက်ပုံ ဖြစ်တဲ့အခါမှာ တပည့်က အိုးထိန်းစက်ကို အမြန်လှည့်ပေးရပါတယ်။ အိုးဆရာက လက်နှစ်ဖက်နဲ့ ပွတ်ကာ အိုးပုံကြမ်း ပေါ်လာအောင် ဖန်တီးပြီး အိုးပုံကြမ်း ပေါ်လာတဲ့အခါ အိုးဆရာက လက်တစ်ဖက်က သံခွေကိုင်၍ ကျန်လက်တစ်ဖက်က ယောက်ခွံကိုကိုင်ကာ ခွေနဲ့ အိုးအပြင်ဘက်မျက်နှာပြင်ကိုလည်းကောင်း၊ ယောက်ခွံဖြင့် အိုးအတွင်းဘက် မျက်နှာပြင်ကိုလည်းကောင်း အချောကိုင်ပါတယ်။

မိနစ်ပိုင်းအတွင်း အိုးထိန်းစက်ပေါ်မှာ အိုးပုံပေါ်ထွက်လာတာကိုတွေ့ရပါတယ်။ ပုံသွင်းခြင်းမဟုတ်ဘဲ အိုးလုပ်သူရဲ့ လက်အချိန်အဆ ကောင်းမွန်မှုကြောင့် အိုးအားလုံးမှာ တစ်ရွယ်တည်း၊ တစ်ပုံတည်း ထွက်ပေါ်လာပါတယ်။

အဲဒီနောက် လက်နှီးကို အသုံးပြုပြီး အိုးနှုတ်ခမ်းလုံးခြင်း၊ အတွန့်များ ပြုလုပ်ခြင်းကို ဆောင်ရွက်ရပါတယ်။ ပြီးရင် ဖင်လှီးတံနဲ့ အိုးထိန်းစက်ပျဉ်ပြားနဲ့ ကတာတို့ ထိစပ်နေတဲ့နေရာကို ခြစ်ပြီးမလိုက်ရင် အိုးတစ်လုံးရရှိမှာ ဖြစ်ပါတယ်။ အစိတ်ဝင်အိုး၊ ရာဝင်အိုးစတဲ့ အိုးကြီးများပြုလုပ်တဲ့အခါ တစ်ဝက်စီ ပြုလုပ်ပြီးမှ ဆက်ယူရပါတယ်။ ပိုက်နှုတ်သီးတပ် သောက်ရေအိုးကဲ့သို့ မတ်တတ်အိုးတွေ ပြုလုပ်တဲ့အခါမှာ ခွေအစားမှည့်တံကို အသုံးပြုပြီး အချောကိုင်ရပါတယ်။

အကြမ်းထည် အိုးတွေပြုလုပ်ပြီးတဲ့အခါ အနီထည်အိုးတွေအတွက် ခြောက်သွေ့အောင် နေပူလှန်းရပါတယ်။ အနီထည်အိုးဆိုတာ စဥ့်အိုးမဟုတ်တဲ့ သောက်ရေအိုး၊ ပန်းအိုးလို အိုးများဖြစ်ပါတယ်။ စဥ့်မဟုတ်ဘဲ မီးဖုတ်ရတဲ့ အိုးတွေအတွက် စဥ့်သုတ်ပြီးမှ မီးဖုတ်ရပါတယ်။ စဥ့်အိုးများ မီးဖုတ်တဲ့အခါ လေဖိုနဲ့ ဖုတ်ရပါတယ်။ တခြား အညွန်းအိုးများကို မြေစိုက်ဖို၌ ဖုတ်ရပါတယ်။ ညွန်းအိုးဆိုတာ သုံးပိဿာမှ တစ်ပိဿာဝင်အိုးအထိ ပလုံတုံ (ခေါ်) စက အိုးကလေးများ ဖြစ်ပါတယ်။

အိုးဖိုထဲမှာဖုတ်တဲ့အခါ မီးပျော့ပျော့ ငါးရက်ခန့် ကြပ်ပေးရပါတယ်။ ကြပ်ပြီး ငါးရက်ခန့်ကြာရင် မီးအပူခံနိုင် ကျင့်ရသွားတဲ့အခါ နှစ်ရက်ကြာအောင် မီးပြင်းတိုက်ရတယ်။ မီးပြင်းတိုက်ပြီးတဲ့အခါ ၁၂နာရီ နှပ်ထားရပါတယ်။ အဲဒီနောက် ကျောက်စရစ်အုပ်၍ မီးငြိမ်းသွားတဲ့အခါ ဖိုထဲမှာ ၁၅ရက်ခန့် အအေးခံထားရပါတယ်။ ပြီးရင် လိုအပ်တဲ့အိုးများ ရရှိပြီဖြစ်ပါတယ်” ဟူ၍ ပြောပြပါသည်။

ဆက်လက်၍ တွံတေးမြို့ အိုးဖိုအရှေ့ရပ်ကွက် ဦးပေါ်ဦးလမ်းရှိ “မသထ”စဥ့်၊ မြေအိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းမှ ဒေါ်လှရီနှင့် တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

စဥ့်အိုး၊ မြေအိုးရောင်းဝယ်မှုလုပ်ငန်းနှင့် ပတ်သက်၍ဒေါ်လှရီက ပြောပြရာတွင် “ ကျွန်မတို့ အနေနဲ့ ဒီလုပ်ငန်းကို မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာခဲ့တာ နှစ်ပေါင်းရှစ်ဆယ်ကျော်ရှိပါပြီ။ ပန်းအိုး၊ သောက်ရေအိုး၊ ရေဘုံပိုင်အိုး၊ ငရုတ်ဆုံ၊ ရေတကောင်း၊ ကျောက်ငရုတ်ဆုံ၊ ကျောက်ပျဉ်၊ ငါးပိအိုး၊ အင်တုံ၊ ကြွေငရုတ်ဆုံ၊ ရာဝင်အိုး၊ ငါးဆယ်ဝင်အိုး၊ အစိတ်ဝင်အိုး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆီမီးထွန်းခွက်၊ အိုးပုတ်၊ ချိုးရုပ်စတဲ့ မြေအိုး၊ စဥ့်အိုးအမျိုးမျိုးကို သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ မအူပင်၊ ဘိုကလေး၊ ဖျာပုံ၊ ပုသိမ်နှင့် ရန်ကုန်မြို့တို့ကို တင်ပို့ရောင်းချပါတယ်။ ထို့အပြင် ကနေဒါ၊ ဂျာမနီ၊ ဩစတြေးလျ၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့သို့လည်း အမှာစာများဖြင့် တင်ပို့နိုင်ခဲ့ပါတယ်။ တွံတေးမြို့ အိုးဖို

အိုးထိန်း စက်ပေါ်တွင် မိနစ်ပိုင်းအတွင်း အိုးပုံပေါ်ထွက်လာသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

တွံတေးမြို့ အိုးဖိုအရှေ့၊ အိုးဖိုအနောက်ရပ်ကွက်မှ ထွက်ရှိသော ပန်းအိုး၊ သောက်ရေအိုး၊ ရေဘုံပိုင်အိုး၊ ငရုတ်ဆုံ၊ စဥ့်အိုးအမျိုးမျိုးနှင့် ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်အမျိုးမျိုးတို့ကို ဤသို့တွေ့ရသည်။

အရှေ့နဲ့ အိုးဖို အနောက်ရပ်ကွက်ရှိ အိမ်တိုင်းနီးပါးမှာ အိုးလုပ်ငန်းကိုအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါတယ်”ဟူ၍ ရှင်းပြပါသည်။

သက်တမ်းရှည်ကြာ

တွံတေးမြို့မှ ထွက်ရှိသောအိုးများကို ရန်ကုန်မြို့နှင့်အခြားမြို့ကြီးများသို့ ရေလမ်း၊ ကုန်းလမ်းများဖြင့် တင်ပို့ရောင်းချနေသည်သာမက နိုင်ငံတကာဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိနေသည်။ တွံတေးအိုးလုပ်ငန်းသည် သက်တမ်းရှည်ကြာ အောင်မြင်စွာလျှောက်လှမ်းနေသောဒေသထွက်ကုန် တစ်မျိုး(ဝါ) ကျေးရွာတစ်ရွာမှ ထုတ်ကုန်တစ်မျိုးဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပခုက္ကူ–ကျော၊ ဂန့်ဂေါ၊ ကလေးနှင့် ချင်းတောင်တို့အကြား တားဆီးကာရံနေသော အမြင့်ပေ ၃၀၀၀ ကျော်ရှိ ပုံညာတောင်ကြီး မြန်မာ့မီးရထားက ဥမင်နှင့် ရထားလမ်းကို အောင်မြင်စွာဖွင့်လှစ်နိုင် ပခုက္ကူ–ဂန့်ဂေါ–ကလေးနှင့် မုံရွာ–မန္တလေးတို့သို့ လွယ်ကူစွာ ခရီးနှင်နိုင်ပြီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း (ကလေး – ဝင်းသူ)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

"ဦးဝင်းသူ–ပုံညာတောင်ဥမင်ဖွင့်ပွဲကို ရထားနှစ်စင်းထွက်မယ်။ တစ်စင်းက ဟံသာဝတီမှာ ညအိပ်ပြီး နောက်နေ့ ရေမျက်နီထွက်မယ်။ တစ်စီးက ဂန့်ဂေါမှာ ညအိပ်ပြီး နောက်နေ့ ရေမျက်နီမှ ထွက်မယ်။ ဆရာလိုက်ချင်တဲ့ ရထားနဲ့ လိုက်ပါ" နတ်ချောင်းဘူတာရုံပိုင် ကိုဝင်းညွှန့်ဦးက ခရီးစဉ်ကို စာရေးသူအား ပြောပြပါသည်။

"ဟာ–ဒါဆိုရင် ဂန့်ဂေါ ညအိပ်မယ့် ရထားနဲ့ပဲလိုက်မယ်။ ဟံသာဝတီတော့ အိပ်မနေတော့ဘူး"ဆိုကာ မိမိသည် ၂၅–၁–၂၀၀၇ ရက် နံနက်ပိုင်းထွက် ကလေး–ဂန့်ဂေါ ရထားဖြင့် ပုံညာတောင်ဥမင်ဖွင့်ပွဲသို့ တက်ရောက်သတင်းယူရန် လိုက်ပါစီးနင်းခဲ့ပါသည်။

ဂန့်ဂေါရထားသည် ခါတိုင်းပြေးဆွဲနေသကဲ့သို့ပင် ခရီးသည်များဖြင့် ပြည့်ကျပ်နေသဖြင့် သတင်းစာတင်ဆောင်ပို့နေကျအသိမိတ်ဆွေ ရထားထိန်းကိုစိုးမင်းသိမ်း၏ တွဲတွင် ခိုကပ်၍ လိုက်ပါခဲ့ပါသည်။ ရထားသည် နံနက် ၇ နာရီခွဲ၌ နတ်ချောင်းဘူတာက ထွက်ရာ တစ်ဘူတာပြီး တစ်ဘူတာ ဖြတ်ကျော်ကာ မွန်းလွဲ ၂ နာရီခန့်တွင် ဂန့်ဂေါဘူတာသို့ ရောက်ရှိကာ ညအိပ်ရပ်နားခဲ့သည်။

ဂန့်ဂေါဘူတာရှိ "ကိုရဲလွင်၏ ထူးလိုင်ထမင်းဆိုင်"တွင် အိပ်ရာလိပ်အပ်ကာ ဂန့်ဂေါပြန်/ဆက်ရုံးသို့ ထွက်ခဲ့သည်။ပြန်/ဆက်ဦးစီးမှူး ဦးသိန်းထွန်းအောင်က ဝမ်းသာအယ်လဲ ကြိုဆိုကာ ဂန့်ဂေါခရိုင်၏(၁၀)နှစ်ပြည့်အထိမ်းအမှတ်ထုတ် "ယောမဂ္ဂဇင်း"မျက်နှာဖုံးပုံကို ထုတ်ပြသည်။ စာရေးသူ၏ "ယောနယ်ဂုဏ်ဆောင် ယောဆရာတော်နှင့် ယောလုံချည်" ဆောင်းပါး နှစ်ပုဒ်ကိုပါ ထည့်သွင်း ပုံနှိပ်ထားကြောင်း ပြောပြသည်။ ရန်ကုန်မြို့ ကောင်းသန့်စာပေတွင် အုပ်ရေ ၃၀၀၀ ပုံနှိပ်၍ ဂန့်ဂေါ၊ထီးလင်း၊ဆော၊ ကလေး လေးမြို့နယ်တွင် တစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ရောင်းချမည့် အကြောင်း ရှင်းပြသည်။

ဂန့်ဂေါပြန်/ဆက်တွင် ခေတ္တနားပြီး အစ်မ ဒေါ်စိန်ကြည် (ဦးသိုက်ပေါ) ဒေါက်တာကျော်ငြိမ်း–မခင်ပြုံးတို့အား ဝင်ရောက်တွေ့ဆုံနှုတ်ဆက်ကာ ညအိပ်ရန် ဘူတာအနီးက တူမဆရာမကြီး ဒေါ်ခင်ချိုဦးအိမ်သို့ ထွက်ခဲ့သည်။ "ဦးလေး ညစာ ဒီမှာစားနော်"ဆိုကာ ညစာပါချက်ကျွေးသည်။

နောက်တစ်နေ့ ဇန်နဝါရီ၂၆ရက် နံနက် ၁၀ နာရီတွင် ဘူတာသို့ထွက်ခဲ့ရာ ရထားစက်ခေါင်းမောင်း အဖွဲ့က "ဦးဝင်းသူ–ကျွန်တော်တို့ရထားက ၁၂ နာရီမှထွက်မှာ အရင်ရောက်အောင် ဟံသာဝတီက တောက်လျှောက်ထွက်မယ့်ရထားနှင့်လိုက်သွားပါ"ဟု အကြံပြုသဖြင့် နံနက်၁၀နာရီခွဲတွင် ဆိုက်လာသော ဟံသာဝတီ–ရေမျက်နီ ရထားပြောင်းစီး၍လိုက်ပါခဲ့ရ၏။ ရထားထိန်းမှာ အသိမိတ်ဆွေ ကိုချိုချိုဖြစ်သည်။

ဟံသာဝတီ–ရေမျက်နီရထားကြီးသည် တစ်ဘူတာလျှင် ၅၀ဖြင့် လူဦးရေပေါင်း၅၆၀ကိုတင်ဆောင်ကာ ရေမျက်နီသို့ ခုတ်မောင်းလာရာ မွန်းလွဲ၂နာရီတွင် ရေမျက်နီ ဘူတာသို့ ရောက်ရှိ၏။ ရေမျက်နီဘူတာမှ ကားကြီး၁၀စီးဖြင့် ပုံညာတောင်ကို ကျော်ဖြတ်၍ ဥမင်ဖွင့်ပွဲကျင်းပမည့် ကျောရွာ အထကသို့ ပို့ပေးလေသည်။ စာရေးသူလည်း ပထမဦးဆုံးစထွက်သော ဟံသာဝတီရွာ ကားကြီးဖြင့် တက်ရောက်လိုက်ပါခဲ့သည်။ ရေမျက်နီနှင့် ကျောရွာသည် ၂၇မိုင်ခန့်ကွာဝေး၏။ပုံညာတောင်ကြီးက ခြားနေ၏။ ထိုခြားနေသော ပုံညာတောင်ကြီးကို မြန်မာ့မီးရထားက ဥမင်ထွင်းဖောက်၍ အောင်မြင်စွာ ဖွင့်မည့်ပွဲပေတည်း။

ကျောနှင့် ရေမျက်နီအကြား အတားအဆီးဖြစ်နေသော ပုံညာတောင် ဥမင်ကြီးကို ဤကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့သည်။

၁၀နှစ်နီးပါး

ဥမင်အရှည်ပေ ၅၆၁၀ ရှိသည်၊ အကျယ်က ၁၅ပေ၄လက်မ၊ အမြင့်က ၁၉ပေ၄လက်မရှိသည်။ ဥမင်အတွင်း လူရှောင်ပေါက် ၁၂ပေါက်ရှိ၏။ ဥမင်အမျိုးအစားမှာ သံကူကွန်ကရက် RCC Liningဖြစ်သည်။ ပုံညာတောင်ဥမင်ကြီးကို ၁၆–၁၀–၁၉၉၆ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ၂၅–၇–၂၀၀၆ ရက်တွင် အောင်မြင်စွာ ဖောက်လုပ်ပြီးစီးခဲ့သည်။ ဖောက်လုပ်ချိန်ကာလ ၁၀နှစ်နီးပါးမျှ ကြာမြင့်ခဲ့ရပါသည်။

တစ်နေ့လျှင် နှစ်ပေမျှသာ

ထိုသို့ ကြာမြင့်ခဲ့ရခြင်းမှာ ဥမင်အောက်ခံမြေသားသည် သက်နုအနယ်ကျ ကျောက်မြေဖြစ်ခြင်း၊ ကျောက်သားမြေသိပ်သည်းမှုမှာ တစ်နေရာနှင့် တစ်နေရာမတူ၊အချို့နေရာတို့မှာအတွင်းပိုင်းရေစိမ့်ဝင်မှုကြောင့် ခံနိုင်ရည်အား မရှိ၍ ဖောက်လုပ်ပြီးဥမင်များ မကြာခဏ ပြိုကျလေ့ရှိသည်။ ထို့ကြောင့် လုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။ တစ်နေ့လျှင် နှစ်ပေမျှသာ ဖောက်လုပ်နိုင်ခဲ့သည်။

လွတ်ကင်းအောင်

ထို့ပြင် ပုံညာတောင်သည် ပြတ်ရွေ့ဇုန်ပေါ်များသဖြင့် ကောင်းကင်ဓာတ်ပုံကို အသုံးပြုကာ အန္တရာယ်ရှိသည့် ပြတ်ရွေ့ဇုန်မှ လွတ်ကင်းအောင် ဖောက်ခဲ့ရသည်။ ကျောနှင့်ရေမျက်နီအကြားရှိ ပုံညာတောင် ရထားလမ်းမှာ တောင်ကုန်း၊ တောင်စောင်း၊ ချိုင့်ဝှမ်းများ များပြားထူထပ်သဖြင့် ရထားလမ်းမှာ အမြင့် ၁၂၅ပေအထိ မြေသားဖို့ခဲ့ရသကဲ့သို့ အနက် ၁၃၅ ပေအထိ စက်ယန္တရားတို့ဖြင့် တူးဖော်ခဲ့ကြရသည်။ ဤမျှခက်ခဲသော ပုံညာတောင်ဥမင်နှင့် ရထားလမ်းကို ယခုမှု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပေပြီ။ နိုင်ငံတော်၏ အောင်ပွဲနှင့် မြန်မာ့မီးရထား၏ ပုံညာတောင်အောင်ပွဲပေတည်း။

မြန်မာ့မီးရထား၏ ပုံညာတောင်အောင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၉ နာရီခွဲက ကျောဘူတာရှေ့တွင်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ပုံညာတောင်ဥမင် အရှေ့လိုဏ်ဝတွင်လည်းကောင်း နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားကာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အစည်ကားဆုံးပွဲ

ပုံညာတောင်ဥမင် ဖွင့်ပွဲကားကြက်ပျံမကျ စည်ကားလှ၏။ စာရေးသူ တက်ရောက်ခဲ့ဖူးသမျှ လမ်းတံတား ဖွင့်ပွဲများအနက် အစည်ကားဆုံး အအောင်မြင်ဆုံးဖွင့်ပွဲဖြစ်သည်။ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်းနယ်မှ ယောသူ ယောသား မြောက်မြားစွာ အားတက်သရော တက်ရောက်သောပွဲလည်းဖြစ်သည်။ ထို့ကြောင့် **"ယောသူ ယောသားတို့၏ အောင်ပွဲ၊ မြန်မာ့မီးရထား၏အောင်ပွဲ၊ နိုင်ငံတော်၏ အောင်ပွဲ"**ဟု ထပ်ဆင့် ဆိုထိုက်ပေ၏။

ပခုက္ကူ–ကျောဒေသနှင့် ဂန့်ဂေါ၊ ကလေး၊ ထီးလင်း၊ ချင်းတောင်တို့၏ အကြား တားဆီးကာရံနေသော အမြင့်ပေ ၃၀၀၀ ကျော်ရှိ ပုံညာတောင်ကြီးကို ယနေ့ မြန်မာ့မီးရထားက အောင်မြင်စွာ ဖြိုခွင်းနိုင်ခဲ့ပြီ။ **"မြစ်တွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် ဥမင်တွေဖောက်"**၍ အတားအဆီးဟူသမျှကို လူသားတို့၏ လုပ်အား၊ ဉာဏ်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီ။

ကျောရွာကလေး

ပုံတောင်ပုံညာအကြား သွားလာရေး ခက်ခဲနေခဲ့ရသော အိမ်ခြေ ၃၀၀ ကျော်ရှိ ကျောရွာကလေးမှာလည်း ယခုအခါ ဆက်သွယ်သွားလာရေး ကောင်းမွန်လာသဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ရပေပြီ။ ကျောရွာကလေးမှာ အထက၊ တိုက်နယ်ဆေးရုံ၊ တယ်လီဖုန်း၊ ပုလဲ–ဂန့်ဂေါလမ်း၊ ပခုက္ကူ– ဂန့်ဂေါ–ကလေးရထားလမ်းတို့ဖြင့် ဖွံ့ဖြိုးစည်ပင်ဝေဆာခဲ့ရပြီ။ ယခင်က ပုံတောင်ပုံညာကို နှစ်ည–သုံးညအိပ် ခြေကျင်ခရီး နှင်ခဲ့ရရာမှ ယခုအခါ နေ့ချင်းခရီးဖြင့် ပခုက္ကူ– ဂန့်ဂေါ– ကလေး–မုံရွာ–မန္တလေးသို့ ချောမွေ့ လွယ်ကူစွာ သွားရောက်နိုင်ကြပြီတည်း။

ဤသည်တို့မှာကား နိုင်ငံတော် အစိုးရ၏ စေတနာနှင့် မြန်မာ့မီးရထား၏ ကျေးဇူးပေတည်း။ ။

(မြန်မာ့အလင်း)

အရှည်ပေ ၅၆၁၀ ရှိ ပုံညာတောင်ဥမင်အတွင်းသို့ ဤသို့ ရထား ခုတ်မောင်း ဝင်ရောက်ဖြတ်ကျော်ခဲ့သည်။

ပုံညာတောင်ကို ဖြတ်၍ ပခုက္ကူ–ဂန့်ဂေါ–ကလေး နေ့စဉ်ပုံမှန် ပြေးဆွဲပေးနေသော မြန်မာ့မီးရထားကို ပြည်သူများအား ကိုးအားထား ပြုနေကြပြီ။

ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်း အသင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲနှင့် လှေပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်း၏ အသင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲနှင့် အပျော်တမ်းလှေလှော်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၂၄ ရက် (စနေနေ့)ညနေ ၄ နာရီမှစတင်၍ ရွှေရှမ်းကန်စားသောက်ဆိုင် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အင်းလျားလမ်း အင်းလျားကန်တွင် ကျင်းပမည်ဖြစ်သည်။

လှေလှော်ပြိုင်ပွဲတွင် နှစ်ယောက်လှော်နှင့် လေးယောက်လှော် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအပြင် အားကစားရုံတွင်း လှေလှော်ပြိုင်ပွဲ (Ergometer) ကိုလည်း ပျော်ရွှင်စွာ ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူ အသင်းသားဟောင်းများ ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် စိတ်ပါဝင်စားသူများ ဦးမောင်မောင်သန်းထွန်း ဖုန်း–၀၁–၆၆၂၅၅၂၊ ဒေါက်တာဖုန်းဝင်း ဖုန်း–၀၉–၂၀၀၅၅၉၉၊ မယုဝင်း ဖုန်း–၀၉–၅၁၆၀၉၃၉၊ ဦးချိုလွင်မြူး ဖုန်း– ၀၉–၅၀၀၆၃၃၄၊ ဦးမြတ်သူရ ဖုန်း–၀၉–၈၉၂၃၃၀၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ထားဝယ်အသင်း၏ အကြိမ် (၈၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် Ph.D ပါရဂူဘွဲ့ရများ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)တွင် ဓမ္မာရုံတနာ ပါဠိတက္ကသိုလ်ကျောင်းတိုက် အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ထားဝယ်သူ၊ ထားဝယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

✻ ကျောဖုံးမှ

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က အောက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့သည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ CSW သည် မြန်မာနိုင်ငံရှိ ခရစ်ယာန်များ နှိပ်ကွပ်ခံရခြင်းဟု ခေါင်းစဉ်တပ်ထားသော (Carrying the Cross)အမည်ရှိ အစီရင်ခံစာတစ်စောင်ထုတ်ပြန်၍ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မဟုတ်မမှန်သော အချက်အလက်များ ဖော်ပြထားကြောင်း ကြားသိရပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ခရစ်ယာန်များကို ကန့်သတ်ချုပ်ချယ်ခြင်း၊ နှိပ်ကွပ်ခြင်းအစီရင်ခံစာကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ အောက်လွှတ်တော် ပေါ်လူးလမ်းအဆောက်အအုံ ဝီလဆင်ခန်းမတွင် ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂျွန်ဘာကောင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တင်သွင်းကြောင်းလည်း သိရှိရပါသည်။

အထက်ဖော်ပြပါ အစီရင်ခံစာများသည် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲဖော်ပြထားခြင်းများဖြစ်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အနေဖြင့် ရှုတ်ချကန့်ကွက်ကြောင်း ဖော်ပြပါသည်။

ယင်းအစီရင်ခံစာများတွင် ပါရှိသည့် ခရစ်ယာန်ဘုရားကျောင်းများကို ပြန်လည်ပြင်ဆင်ခွင့် မရစေရေးအတွက် ခက်ခဲအောင်လုပ်ခြင်း၊ ချင်းပြည်နယ်အတွင်း တရားဟောဓမ္မဆရာကို သတ်ပစ်ခြင်း၊ အချို့နေရာများ၌ ခရစ်ယာန်များ၊ မွတ်စလင်များအား အကြမ်းဖက်နှိပ်စက်ခြင်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သောအိမ် မရှိစေရဟူသော မူချမှတ်ခြင်း၊ ဘုရားကျောင်းများနှင့် လက်ဝါးကပ်တိုင်များ ဖျက်ဆီးခြင်းစသော ဖော်ပြချက်များသည် မြန်မာနိုင်ငံအတွင်း လုံးဝမရှိ၍ မမှန်ကန်ကြောင်း ဖော်ပြအပ်ပါသည်။

ယင်း CSW အဖွဲ့နှင့် ပါလီမန်အမတ် ဂျွန်ဘာကောင်းတို့၏ မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ကိုင်တွယ်ရန်ဟူသော တိုက်တွန်းချက်ကိုလည်း YMBA အသင်းကြီးအနေနှင့် ကန့်ကွက်လိုက်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ခင်စွာ အတူတကွနေထိုင်ကြသော နိုင်ငံဖြစ်ပါသည်။ မိမိတို့ယုံကြည်ရာ ဘာသာများအား လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်ရှိသော နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်သူများလည်း ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူအများစုက ကိုးကွယ်သော ဘာသာဖြစ်ပါသည်။

သို့ဖြစ်၍ CSW အဖွဲ့ကတင်သွင်းသော (Carrying the Cross)အစီရင်ခံစာသည် မဟုတ်မမှန်လုပ်ကြံ၍ မြန်မာနိုင်ငံအား ပျက်စီးစေလိုသူတို့၏ ပူးပေါင်းကြံစည်မှုသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)

● ကျောဖုံးမှ

၎င်းတို့၏ တစ်ဖက်စောင်းနင်းလုပ်ရပ် ယခုကဲ့သို့ အရေးနိမ့်ရပ်တန့်သွားသော်လည်း အမေရိကန်အစိုးရ၊ ဗြိတိန်အစိုးရနှင့် ၎င်းတို့၏ လက်ပါးစေ လက်ဝေခံများက မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေး အရေးယူနိုင်ရေးအတွက် နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများဖြစ်ပွားစေရန် ပြည်တွင်း ပြည်ပ အချိန်ကိုက် ဟန်ချက်ညီ ပူးပေါင်းလုပ်ကြံလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ ပြည်သူများအတွင်း ဝေဖန်သုံးသပ်နေကြသည်ဟု သိရှိရသည်။

ယင်းသို့ ပြည်သူလူထုအတွင်း ဝေဖန်သုံးသပ်ပြောကြားနေမှုများမှာ–

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လတ်တလော ပူးပေါင်းလုပ်ကြံမှုများအနက် တစ်ခုမှာ တစ်ဖက်နိုင်ငံအခြေစိုက် ကရင်အမျိုးသမီးအစည်းအရုံး KWO ဆိုသည့်အဖွဲ့က ယခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ပြီး တပ်မတော်က ကရင်တိုင်းရင်းသူများကို မတော်မတရားပြုကျင့်မှု၊ သတ်ဖြတ်မှု၊ အတင်းအဓမ္မစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှုများကို လက်နက်သဖွယ် အသုံးပြုနေသည့်အပြင် ကရင်တိုင်းရင်းသားများ ပျောက်ကွယ်သွားအောင်ပါ လုပ်ဆောင်နေသည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲလာခြင်းဖြစ်ကြောင်း။

KWO ဆိုသည့်အဖွဲ့၏ အစီရင်ခံစာပါ လုပ်ကြံစွပ်စွဲမှုသည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂမှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လွန်ခဲ့သည့် ၂၀၀၂ ခုနှစ် မေလ၌ ရှမ်းအမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ရေး SWAN ဆိုသည့် အဖွဲ့က ရှမ်းတိုင်းရင်းသူများအပေါ် တပ်မတော်က Licensed to Rape လုပ်နေသည်ဟူသော အစီရင်ခံစာပါ လုပ်ကြံစွပ်စွဲမှုနှင့် တစ်ထပ်တည်းဖြစ်နေကြောင်း။

ထိုစဉ်က SWAN ဆိုသည့်အဖွဲ့အား အကြမ်းဖက်သောင်းကျန်းသူ SSA-S ရွက်ဆစ်အဖွဲ့နှင့် ပြည်ပဆန့်ကျင်ဘက် အဖွဲ့များက ငွေကြေးထောက်ပံ့ မြှောက်ပင့်ပေးပြီး ယင်းအစီရင်ခံစာကို မဟုတ်မမှန် လုပ်ကြံဖန်တီးရေးသားစေခဲ့ခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များက ၎င်းအစီရင်ခံစာပါ နယ်မြေဒေသများသို့ ကွင်းဆင်းစစ်ဆေး စုံစမ်းမေးမြန်းခဲ့ရာ စွပ်စွဲမှုများမှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများသာဖြစ်ကြောင်း ကိုလည်းကောင်း နိုင်ငံတကာကသိရှိအောင် သတင်းများ ပြန်ကြားအသိပေးခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

ယခုတစ်ဖန် KWO ဆိုသည့်အဖွဲ့က SWAN ဆိုသည့် အဖွဲ့ကဲ့သို့ပင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်လာခြင်းမှာလည်း မြန်မာနိုင်ငံအပေါ် ထပ်မံဖိအားပေးအရေးယူရန် အကြောင်းပြချက်အသစ်များရရှိရေး လုပ်ကြံဖန်တီးမှုများ ပြုလုပ်နေခြင်းသာဖြစ်ကြောင်း။

ထို့အပြင် KWO ဆိုသည့်အဖွဲ့၏ မဟုတ်မမှန် လုပ်ကြံထားသော အစီရင်ခံစာသည် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်သည့် အင်အားစုများ၏ ငြိမ်းချမ်းရေးအောင်ပွဲကို ဖုံးကွယ်ပုံဖျက်ရန် မသမာသောနည်းလမ်းများဖြင့် အချိန်ကိုက် လုပ်ဆောင်လာခြင်းလည်းဖြစ်ကြောင်း။

ယနေ့ ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားများ၏ ပကတိလိုအပ်ချက်မှာ ပြည်နယ်အတွင်း လက်နက်ကိုင်တိုက်ပွဲများ ကင်းစင်ပြီး လုံးဝငြိမ်းချမ်း သာယာဝပြောရေးဖြစ်ရာ တပ်မတော်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့ အပြန်အလှန်ယုံကြည် လက်တွဲပူးပေါင်းပြီး ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့ခြင်းက အဆိုပါ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သကဲ့သို့ KWO အဖွဲ့၏ စွပ်စွဲမှုများ လုံးဝမှန်ကန်မှုမရှိကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း။

အလားတူ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာတွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနား၌ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးက ကျေးဇူးတင်စကားပြောကြားရာတွင် “မိမိတို့ နယ်မြေတွင် ရွာပုန်းရွာရှောင်ဟူ၍ မရှိတော့ကြောင်း၊ ဒုက္ခသည်ဆိုတာလဲ မရှိတော့ကြောင်း၊ ကရင်ပြည်နယ်သူ ပြည်နယ်သားများအားလုံး လွတ်လပ်စွာ နေထိုင်နိုင်ကြကြောင်း၊ ငြိမ်းချမ်းရေးရအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြသည့် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း” ပြောကြားသွားခဲ့သည်ကို ကြည့်ခြင်းဖြင့် ငြိမ်းချမ်းရေးအခြေခံဒေသများ တည်ဆောက်နိုင်မှု၏ အကျိုးဆက်ရလဒ်ကောင်းများကို တွေ့ရှိနိုင်ကြောင်း။

သို့ရာတွင် ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာဝပြောရေး ကြိုးပမ်းဖော်ဆောင်မှုများကို မျက်ကွယ်ပြုလျက် ပြည်တွင်းပြည်ပ အဖျက်သမားများက ဘာသာရေးကို ခုတုံးလုပ် အမြတ်ထုတ်ရန် အားထုတ်လုပ်ဆောင်နေသည်များကိုလည်း တွေ့ရှိရကြောင်း။

ယခုရက်ပိုင်းအတွင်း ဘာသာရေးလုပ်ကြံစွပ်စွဲမှုတစ်ခုမှာ ဗြိတိန်နိုင်ငံအခြေအစိုက် (Christian Solidarity Worldwide-CSW)ဆိုသည့် အဖွဲ့က မြန်မာနိုင်ငံ၌ ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်း ကြံစည် လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း။

ယင်းအစီရင်ခံစာ ထုတ်ပြန်ပြီးနောက် တစ်ဆက်တည်းမှာပင် ၂၃–၁–၂၀၀၇ ရက်နေ့၌ ဗြိတိသျှပါလီမန်တွင် ၎င်းအစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေး ကြားနာမှုပြုလုပ်ခဲ့သည်ကို တွေ့ရကြောင်း၊ ၁၀–၂–၂၀၀၇ ရက်နေ့၌လည်း အမေရိကန်အောက်လွှတ်တော် လူ့အခွင့်အရေးဆိုင်ရာကော်မတီက ၎င်းအစီရင်ခံစာနှင့် ဆက်စပ်ပြီး ကြားနာပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း၊ အဆိုပါကြားနာပွဲသို့ ချင်းပြည် အမျိုးသမီးများအဖွဲ့ချုပ်ဆိုသည်မှ ချယ်ရီဇာဟောင်ဆိုသူနှင့် ကချင်အမျိုးသမီးများ အဖွဲ့ဆိုသည်မှ အယ်လ်ဒွယ်လင်းဆိုသူတို့ တက်ရောက်ပြီး လုပ်ကြံပုတ်ခတ်ပြောဆိုခဲ့ကြသည်ကိုလည်း ကြားသိရကြောင်း။

ယင်းသို့ ပြည်တွင်းပြည်ပအဖျက်သမားများ အချိန်ကိုက် ဟန်ချက်ညီ ပူးပေါင်းဆက်စပ် လုပ်ဆောင်နေသော်လည်း မြန်မာနိုင်ငံအတွင်း ဘာသာဟူသမျှ လွတ်လပ်စွာ အတူယှဉ်တွဲ ကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် လက်တွေ့ပါဝင်လုပ်ဆောင်နေသည့် ဘာသာရေးဆိုင်ရာ အသင်း အဖွဲ့များက CSW အဖွဲ့၏ အစီရင်ခံစာမှာ မှားယွင်းနေကြောင်း၊ ဘာသာရေးကိုခုတုံးလုပ်၍ မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်အမြတ်ထုတ်ရန် လုပ်ဆောင်မှုဖြစ်၍ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်များကို သတင်းစာများတွင် အတိအလင်းထုတ်ပြန်နေသည်ကို တွေ့ရှိနိုင်ကြောင်း။

အထက်ပါစွပ်စွဲချက်များအပြင် ထပ်မံစွပ်စွဲမှုမှာ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးဆိုသည့် အဖွဲ့က “တပ်မတော်က အရွယ်မရောက် သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်”ဟူသည့် စွပ်စွဲချက်ပင်ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင် ၎င်းစွပ်စွဲချက်များ မဟုတ်မမှန်ကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား အပြည့်အစုံရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုနေ့မှာပင် သံတမန်များအား အမှတ်(၁) တပ်မတော် စစ်သားစုဆောင်းရေးတပ်နှင့် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး)သို့ လိုက်ပါပို့ဆောင်ရှင်းပြပြီး တပ်သားသစ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ မေးမြန်းစေသည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကို လက်တွေ့လုပ်ဆောင်အောင်မြင်မှု သက်သေသာဓက အထောက်အထားများ ခိုင်လုံစွာဖြင့် ရှင်းလင်းချေဖျက်နေချိန်တွင် အခြားတစ်ဖက်မှ ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားသူများကလည်း တစ်စခန်းထလာသည်ကို တွေ့ရှိရကြောင်း။

NLD ပါတီနှင့် တရားမဝင်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ဆိုသည့်အဖွဲ့တို့ ပူးပေါင်းပြီး နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပကာ ကြေညာချက်များထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့၏ ကြေညာချက်များတွင် မြန်မာ့နိုင်ငံရေးလိုအပ်ချက်နှင့် အညီ ပြုပြင်ပြောင်းလဲမှုများ ပါလာမည်ဟု ထင်ထားခဲ့သော်လည်း ယခင်က ကြေညာချက်များအတိုင်း မဲပြာပုဆိုးတောင်းဆိုမှုများသာဖြစ်နေကြောင်း။

၎င်းတို့၏ တောင်းဆိုချက်များမှာ ဒေါ်စုကြည်၊ ဦးတင်ဦးနှင့် ဦးခွန်ထွန်းဦး စသည်တို့ကို ပြန်လွှတ်ပေးရေး၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေး၊ ပြည်သူ့ လွှတ်တော် ခေါ်ယူပေးရေးစသည့် တောင်းဆိုချက်များသာဖြစ်နေကြောင်း၊ ၎င်းတောင်းဆိုချက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေအရ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူ ပြစ်ဒဏ်ချမှတ်ထားခြင်းဖြစ်သဖြင့် ဥပဒေအရသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးထက် ပိုမိုကျယ်ပြန့်မြင့်မားသည့် တစ်မျိုးသားလုံး ပါဝင်တွေ့ဆုံ ဆွေးနွေးနေသော အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသဖြင့် ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရန်ဆိုသည့် အချက်မှာ လက်ခံနိုင်ဖွယ်မရှိကြောင်း၊ လွှတ်တော်ခေါ်ယူပေးရေးဆိုသည်မှာလည်း ကျိုးကြောင်းဆီလျော်မှုမရှိတော့ကြောင်းကို နိုင်ငံတော်အပိုင်းက အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့အတူ CRPP ၏ လှုပ်ရှားတောင်းဆိုချက်များမှ နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာဖွယ်ရာ တစ်စုံတစ်ရာမတွေ့ရှိရ ကြောင်း၊ ထို့အပြင် CRPP သည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့မဟုတ်သဖြင့် ယခုကဲ့သို့ တောင်းဆိုပိုင်ခွင့်မရှိကြောင်း စသည်တို့ ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက CRPP မှ တာဝန်ရှိသူများဖြစ်သော ဦးအောင်ရွှေနှင့် ဦးအေးသာအောင်တို့အား ယနေ့ ဖေဖော်ဝါရီလ ၁၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံး၌ တွေ့ဆုံ၍ CRPP သည် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့မဟုတ်သဖြင့် ယခုကဲ့သို့ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ သဘောထားတောင်းဆိုချက် ထုတ်ပြန်ခြင်းတို့ကို မပြုလုပ်ရန် သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတ ဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယကောဝိဒ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

The Live News ဂျာနယ် အမှတ် (၂၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၂၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ သတ္တိခဲ ဆယ်ကျော်သက်ညီနောင်နှစ်ဦးအစွမ်းကြောင့် ဆင်ဆိုးကြီးများ ထွက်ပြေးရ၊ စပါးကြီးမြွေနှင့် နပန်းလုံးခဲ့တဲ့ အမျိုးသမီး သုံးဦး၊ တရုတ်–မြန်မာ စီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းဖွင့်လှစ်ခွင့် လျှောက်လွှာများ ဖေဖော်ဝါရီလ နောက်ဆုံးတင်သွင်းရမည်၊ ချစ်သူဟောင်း မိသားစုအား အဆိပ်ခတ်ခြင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့က ချမ်းအေးတဲ့ ဆောင်းတစ်ညကို အန်တုတဲ့ပွဲ၊ ဝင်ငွေတိုးလို့ အလုဆင် မြန်မာ့သစ်ခွစိုက်စေချင်၊ နေပြည်တော်သို့ သမင်လည်ပြန်၊ ကမ္ဘာပျက်ကပ်ဆိုက်လျှင် သုံးမည့်မျိုးစေ့ဘဏ်၊ အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဝင်မည့် လူမည်း ဆီးနိတ်အမတ် အိုဘားမား(သို့မဟုတ်) တောင်ကြီးကိုဖြိုရန် ကြံနေသည့် ခါချဉ်မည်းတစ်ကောင်၊ ဗြိတိန်တွင် စာအိတ်ဗုံးများ ဒုက္ခပေးလျက်ရှိ၊ ငွေကြေး၊ အလုနှင့် မရဏတရား၊ အီရန်ကို အမေရိကန်တိုက်လျှင် အီရန်က လက်တုံ့ပြန်မည်။ တက္ကစီမင်းနှင့် အိမ်ထောင်ရေးပြဿနာ၊ ခေါင်းတွဲကောင်းတိုင်း မောင်း၍မရသော ရထား၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

The Live News ဂျာနယ်သို့ စာမူ ပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄၊ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂ နှင့် ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပရိုကဲဆပ်ပြာဈေးကွက် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ် ဟိုတယ်မြက်ခင်းပြင်၌ Beauty Palace ကုမ္ပဏီမှ ကုန်ပစ္စည်းသစ်ဖြစ်သော ပရိုကဲ(Procare) ကျန်းမာရေး အထောက်အကူပြု ဆပ်ပြာအကြောင်း မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပသည်။

ပြသ

ယင်းအခမ်းအနားတွင် အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များနှင့် ဧည့်သည်များ တက်ရောက်ချီးမြှင့်ခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ ပရိုကဲ (Procare) ဆပ်ပြာကို နိုင်ငံတကာအဆင့်မီ စီမံထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ဗီဒီယိုပြကွက်များဖြင့် ပြသခဲ့သည်။

ပရိုကဲ (Procare) ဆပ်ပြာသည် ပတ်ဝန်းကျင်လေထုထဲမှ ရောဂါဖြစ်စေနိုင်သော ပိုးမွှားများအန္တရာယ်ကို သုံးစွဲသူအတွက် ၁၂ နာရီကြာ ကာကွယ်ပေးနိုင်သည့် ကျန်းမာရေး အထောက်အကူပြုဆပ်ပြာအမျိုးအစားဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

Beauty Palace ကုမ္ပဏီမှ ဦးမြင့်ဟင်းနှင့် ဒေါ်နန်းဖူးတို့ ပရိုကဲဆပ်ပြာကြော်ငြာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

စီးပွားရေးဈေးကွက် ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့်စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရင်းအင်းပညာရှင် ဒေါက်တာတင်လတ်က စီးပွားရေးလုပ်ငန်းများ ပူးပေါင်းခြင်းနှင့် အစုရှယ်ယာဈေးကွက်သို့ ဝင်ရောက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘကျေးဇူးဆပ် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် မာလာမြိုင် ၈ လမ်း၊ ၁၆ ရပ်ကွက်တွင် ဓမ္မဒါနအလှူရှင် ဦးတင်ဦးက မိဘကျေးဇူးဆပ် အထူးတရားပွဲ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖြူးဆရာတော်၏တပည့် မြိုင်ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊ ၁၇ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ၊ ၁၈ ရက်တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ၁၉ ရက်တွင် ကံ့ကော်တစ်ထောင်ဆရာတော်ဘဒ္ဒန္တ ကေလာသ အရှင်သူမြတ်တို့က ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

နှစ်ပတ်လည်ပြီ ရွှေစေတီ မဟာရဋ္ဌာဘိသာမဂ္ဂီ

နိုင်ငံတော်၏စေတနာ

“နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ‘ပြည်ထောင်စုကြီးပေါ်ထွန်းလာပြီး မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိလာသည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို အစဉ်အဆက်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကောင်းမှုကုသိုလ်ပြုပွားပေးသည့်သဘောဖြင့် ပင်လုံဒေသ၌ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပူဇော်လျက် တိုင်းရင်းသားများအားလုံး အစဉ်အမြဲ ကောင်းမှုကုသိုလ် တိုးပွားနေစေရန်’ လမ်းညွှန်ချက်နှင့်အညီ ၂၉–၁၁–၂၀၀၂ရက်၌ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ၁၀–၂–၂၀၀၆ ရက်၌ ရွှေထီးတော်တင်မင်္ဂလာ၊ စိန်ဖူးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့၍ ယနေ့ ၁–၂–၂၀၀၇ ရက်မြတ်သော်မူ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်နေ့ ဖြစ်ပါသည်ဘုရား”

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၏ သာသနာရေးရာ လျှောက်ထားချက်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။

နှစ်ပတ်လည်ဗုဒ္ဓပူဇနိယပွဲတော်နေ့

နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း၌ တည်ထားကိုးကွယ်ပြီးဖြစ်သော အရပ်သားတို့၏နှုတ်ဖျားဝယ် ‘ပြည်ထောင်စုဘုရားကြီး’ဟု သုံးနှုန်းနေကြသော စေတီတော်ကြီးကား ပြည်ထောင်စုကျောက်တိုင်ဝင်း အလယ်ဗဟို ၉ပေအမြင့် အဋ္ဌဂံကုန်းတော်ပေါ်၌ အမြင့်ပေ ၂၀ရှိ အဋ္ဌဂံပန်းတင်ခုံထက် ဉာဏ်တော် ၁၃၅ပေ အမြင့်ဆောင်သော ရွှေတိဂုံပုံတူ ရွှေစေတီတော်ကြီးအဖြစ် ထီးထီးမားမား ငွားငွားစွင့်စွင့် ပွင့်တော်မူလျက်ရှိသည်မှာ နှစ်တစ်ပတ် လည်ခဲ့ပါပြီ။

ယင်းရွှေစေတီတော်ကြီးကို အနီးကပ်ဖူးမြော်သောအခါ ပွတ်စေတီမျိုးမဟုတ်မူဘဲ လိုဏ်စေတီမျိုးဖြစ်ကြောင်း သိရှိရကာ လိုဏ်အတွင်း ဝင်ရောက်ဖူးမြင်ပါသော် ပေ၄၀ပတ်လည် အတွင်းစကြံအလွန် အကျယ်ပေ ၁၂၀၊ အမြင့်ပေ ၅၀ပတ်လည်ကို တိုင်တစ်လုံးမျှမခံဘဲ မဟာလိုဏ်သဖွယ် တည်ထားခြင်းဖြစ်ကြောင်း မြင်သိရ၏။ ယင်း မဟာလိုဏ်သည်ပင် ဤရွှေစေတီတော်ကြီး၏မဟာဝိသေသ ဒြပ်ပုံဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးဝယ် နိုင်ငံတော်အဆင့် တည်ထားကိုးကွယ်ပြီးဖြစ်သော စေတီတော်ကြီး အဆူဆူတို့အနက် အကျယ်ပေ ၁၂၀၊ အမြင့်ပေ ၅၀ပတ်လည် လိုဏ်ခုံးကို မဏ္ဍိုင်မခံ၊ တိုင်မခံဘဲ နည်းပညာသစ်အရ ပထမဦးဆုံး တည်ထားကိုးကွယ်အပ်သော စေတီတော်ဖြစ်ပါသည်။

ထို့ကြောင့် မည်သည့်အထောက်အခံမျှမလိုဘဲ အလိုလိုတည်နေသော အမြင့်ဟင်းလင်းပြင် အာကာသကောင်းကင်က ယခုရွှေစေတီတော်ကြီး၏ တိုင်မရှိသော မဟာလိုဏ်ကြီးအား နေ့ညမဟူ ဦးခိုက်ပူဇော်နေသည့်အသွင် ထင်မြင်ကြည်ညို သဒ္ဓါပိုကြရပါသည်။

ယင်းသို့သော အကြောင်းတရားများကို အကြောင်းပြုလျက် ရွှေစေတီတော်ကြီး ရွှေထီးတော်တင်ပြီးသောနေ့မှစ၍ နေ့ညမဟူ ဘုရားဖူးသူများနှင့် စည်ကားလျက်ရှိခဲ့သည်မှာ နှစ်တစ်ပတ် လည်ခဲ့ပါပြီ။ ဤတစ်နှစ်တာကာလအတွင်း ဤရွှေစေတီတော်ကြီးကို ယာဉ်ဖြင့်ဖြတ်သန်း သွားလာသူများပင်လျှင် ယာဉ်ပေါ်မှနေ၍ လှမ်းမျှော်ဖူးမြင်ရသည့် တဒင်္ဂဝယ် ‘ဒဿနာနုတ္တရိယ’ဟု ဆိုအပ်သည့် အမြတ်ဆုံးမြင်ကွင်း ရင်တွင်းရိုက်ခတ်ခိုက် မြင့်မြတ်ကုသိုလ်ဇော ဖြောဖြောဖြိုင်ဖြိုင် စောသွားနိုင်ရုံမျှဖြင့် ကောင်းကျိုးဖလ အဝ0 မုချရရှိပြီး ဖြစ်လေပြီ။ နိစ္စဗတ်ကုသိုလ်ဖြင့် ရွှေစေတီတော်ကို ကြည်ညိုပူဇော်ခွင့် နေ့စဉ်ရရှိနေသူ ပင်လုံသားတို့အတွက်ကား ဘာများပြောဖို့ လိုပါတော့မည်နည်း။

ဤသည်ပင် နိုင်ငံတော်၏ စေတနာဖြစ်ပါ၏။ နိုင်ငံသားအားလုံး လောကီကောင်းကျိုးသာမက လောကုတ္တရာကောင်းကျိုးပါ ဖြိုးဖြိုးဖြိုင်ဖြိုင် ပိုင်ပိုင်မိမိ ရရှိတိုးပွားစေလိုသော နိုင်ငံတော်၏စေတနာဓော ဖြစ်ပါ၏။ နိုင်ငံတော်၏ စေတနာအလင်းပွင့်များ ပါပင်။

နိုင်ငံတော်၏ စေတနာအလင်းပွင့်များ

နိုင်ငံတော်၏ စေတနာအလင်းပွင့်များကား အဆုပ်လိုက်၊ အခိုင်လိုက် ပင်ဖြစ်လျက် ရှိတော့၏။ ကြည့်ပါ။ ပြည်ထောင်စုကြီးတစ်ခုလုံး အတိုင်းအတာအားဖြင့် တည်ရှိခဲ့ပြီးဖြစ်၍ ယိုယွင်းလျက်ရှိသော စေတီ၊ ပုထိုးဟောင်းများကိုလည်း ရှေးဟောင်းအမွေအနှစ်အဖြစ် အသစ်တစ်ဖန်ဘက်စုံ ပြုပြင်မွမ်းမံတည်ထား ကိုးကွယ်လျက်ရှိသကဲ့သို့ တည်ထားရန်လိုအပ်နေသည့် နေရာဒေသများ၌လည်း အသစ်တည်ထားကိုးကွယ်ပူဇော်ခြင်းများကို တပ်မတော်အစိုးရက စိတ်ထားဖြူစင်စွာ ‘ကုသလဿ ဥပသမ္ပဒါ’ အစဉ်အလာမပျက် ဆောင်ရွက်ပေးလျက် ရှိနေ၏။

ယင်းအပြင် ပရိယတ္တိကဏ္ဍ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဘိဓမ္မာ စာမေးပွဲများ၊ ပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများ၊ နိကာယ်ငါးရပ် စာမေးပွဲများ၊ တိပိဋက စာမေးပွဲများအထိ နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသလို ခေတ်နှင့်အညီ နိုင်ငံတော် ပရိယတ္တိသာသနာတက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး) ‘သာသနာတော်၏ အစဉ်အမြဲခေတ်မီနေပုံ” အလေးထားသင်ကြား ပို့ချပေးမှု၊ ထို့အတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို အသစ်ဖွင့်လှစ်ပေးပြီး ကမ္ဘာသို့ သာသနာဖြန့်ဝေပေးနေမှုများကြောင့် ထေရဝါဒ ငါးနိုင်ငံထဲမှာ မြန်မာနိုင်ငံသည် အမှတ်စဉ်(၁) ထိပ်ဆုံးဝယ် ဘုန်းသမ္ဘာကြီးမားစွာ တည်ရှိလာနေလေပြီ။

ဤတွင် ဗုဒ္ဓဘာသာ၏ ဦးစီးရှေ့ဆောင်အရာ၌ တည်ရှိနေကြသည့် ဘုန်းကံကြီးမားတော်မူကြသော ဆရာတော်ကြီးများနှင့် သာသနာတော်အား တက်ကြွားကြွကြွ ပသန္နဖြင့် နိစ္စကြံ့ကြံ့ထောက်ပံ့လှူဒါန်းလျက်ရှိကြသော နိုင်ငံသားများ၏ ပေါင်းစည်းကြိုးပမ်းမှုများအရ သကျသီဟ စာမေးပွဲ၊ စေတီယင်္ဂဏ စာမေးပွဲ၊ တောင်ကြီး–သာမဏေကျော်စာမေးပွဲ၊ ညောင်ရွှေ–ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ၊ ပင်လုံ–သဒ္ဓမ္မပါလ စာမေးပွဲ၊ မော်လမြိုင်–မော်ကျွန်း–ကွမ်းခြံကုန်း ဝိနယာဒိနုဂ္ဂဟ စာမေးပွဲများအပါအဝင် မြို့နယ်အလိုက် ဓမ္မဂုဏ်ရည်မြှင့် ပညာရေးစာမေးပွဲများ ကျင်းပလျက်ရှိကြပုံကို မှတ်တမ်းတင်ရမည် ဖြစ်သကဲ့သို့ အထူးသဖြင့် ဘုန်းရှင် ကံရှင် သမ္ဘာရှင် အရှင်ဉာဏိဿရ(သီတဂူဆရာတော်ကြီး)၏ စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကိုလည်း မခြွင်းမချန် မှတ်တမ်းတင်ရမည်သာ ဖြစ်၏။

ရတနာစည်ဆရာတော်(လွိုင်လင်)

တစ်ဖန် ပဋိပတ္တိကဏ္ဍ၌ သောကပရိဒေဝတို့ မုချချုပ်ငြိမ်း ဓာတ်သိမ်းရာမြတ်နိဗ္ဗာန်အရောက် တောက်လျှောက်ညွှန်ပြထားသည့် မဟာသတိပဋ္ဌာန် ဝိပဿနာလမ်းကြီးကလည်း ဤမြန်မာနိုင်ငံဝယ် မဟာရွှေလမ်းမတော်ကြီးအဖြစ် မညစ်မနွမ်း တည်ရှိမြဲတည်ရှိနေသည်သာ ဖြစ်၏။ သည်လမ်းမဟာ၌ လျှောက်ကြည့်ရင်း ရင်တွင်းအငြိမ်းဓာတ် ရိုက်ခတ်ခံစားရသူ နိုင်ငံတကာသားတို့သည်ပင် အမြောက်အမြား ပေါ်ထွက်လာနေချေပြီ။ ယင်းသို့သော အကြောင်းတရားပေါင်းများစွာတို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာဟု ဟစ်ကြွေးလာနိုင်နေချေပြီ။ ယင်းသည်ပင်လျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းခြင်း ပြယုဂ်၊ နိုင်ငံသားများ စီးပွားဥစ္စာ မခြောက်ကပ်ခြင်း ရုပ်သွင်ဖြစ်တော့၏။ တစ်ကျော့ထပ်ပြောရလျှင် ယင်းသည်ပင် နိုင်ငံတော်၏ စေတနာအလင်းပွင့်များ ဖြစ်တော့၏။

အလင်းပွင့်များ၏ အလင်းပွင့်များ

တပ်မတော်အစိုးရ၏ စေတနာအလင်းပွင့်များမှတစ်ဆင့် ဓာတုကူးစက်မှု သဘာဝအရ ပြည်သူတို့၏ စေတနာအလင်းပွင့်များပါ ဝဲဝင့်လွင့်ပျံ့ခြင်း သာဓကတစ်ရပ်အဖြစ် မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီ နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ညွှန်းဆိုနိုင်ပါ၏။

ကြည့်ပါ။ မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီနှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့ ဦးဆောင်ကာ ကျင်းပကြတော့မည်ဟု ကြားသိကြရ ကတည်းကပင် လွိုင်လင်မြို့နှင့် ပင်လုံမြို့တို့မှ ဒေသခံ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ခနု၊ အင်းသား စသော တိုင်းရင်းတို့၏ ရင်ဝယ် မိမိတို့တတ်အားသမျှ ပေါင်းစည်းပါဝင်ကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ထားသောအလား ပွဲတော်ကြီးနေ့တွင် ဆရာတော် သံဃာတော်(၁၀၈)ပါးတို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထု၊ နဝကမ္မ လောင်းလှူရာ၌ ပါဝင်လောင်းလှူကြသည်မှာ စေတီတော်ကြီး၏ ရင်ပြင်တော်အပြည့် ဖြစ်ပါသည်။

ပွဲတော်ကြီးနေ့ နံနက်ပိုင်းတွင် လွိုင်လင်နှင့် ပင်လုံတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရပ်ဘက် စေတနာရှင်များ စေတီတော်သို့ ရောက်ရှိနေရာယူကြ၏။ တောင်ကြီး–လွိုင်လင်– ပင်လုံတို့မှ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သံဃနာယကဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်ပေါင်း (၁၀၈)ပါးတို့အား စေတီတော် မဟာလိုဏ်အတွင်း ပင့်ဆောင်ပြီးသည်နှင့် မကြာမတင်မှာပင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်သော တိုင်းအဆင့် အကြီးအကဲများ၊ တောင်ကြီးမြို့မှ ရောက်ရှိလာကြကာ ဆရာတော် သံဃာတော်တို့အား ဂါရဝပြုပြီးနောက် မဟာလိုဏ်အတွင်း စံပယ်လျက်ရှိပါသော ရုပ်ပွားတော်မြတ် (ရှစ်)ဆူအား ရွှေကြာသင်္ကန်း ဆက်ကပ်ပြီးသော် သံဃာတော် (၁၀၈)ပါးတို့က အနေကဇာတင်တော်မူကြပါသည်။

ထို့နောက် အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနား အောင်မြင် ပြီးမြောက်ပါသည်။

အခမ်းအနား အောင်မြင်ပြီးမြောက်သောအခါ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်း၊ ထီး၊ ဖိနပ်၊ ပရိက္ခရာခြင်းတစ်ခြင်းစီကို သံဃာတော် တစ်ပါးစီအား ဆက်ကပ်လှူဒါန်းပြီးသော် တစ်ဆက်တည်း မဟာလိုဏ်အတွင်းမှာပင် နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် စေတီတော်ရင်ပြင်ဝယ် တိုင်းမှူးနှင့်ဇနီး ဦးဆောင်လျက် လွိုင်လင်– ပင်လုံမြို့ခံ စေတနာရှင်များက သံဃာတော်(၁၀၈)ပါးတို့အား ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မ လောင်းလှူကြသည်။

“မဟာရဋ္ဌာဘိသာမဂ္ဂီ= မဟာရဋ္ဌ+အဘိသာမဂ္ဂီ=ပြည်ထောင်စုကြီး၏+ထူးကဲသော စည်းလုံးညီညွတ်ခြင်း”ဟူသည့် အနွတ္ထဘွဲ့ နာမတော်နှင့် လျော်ညီစွာပင် နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ပုံရိပ်၌ ဒေသခံ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ခနု၊ အင်းသား တိုင်းရင်းသား စေတနာရှင်များ၏ ရုပ်သွင်ဟပ်ထင် ပေါ်လွင်နေခြင်းသည် စည်းလုံးခြင်း–အလင်းပွင့်များပင် ဖြစ်တော့၏။

စည်းလုံးခြင်းအလင်းပွင့်များနှင့်အတူ ထွန်းပြူတောက်ပလာနေသော ဒေသဖွံ့ဖြိုးတိုးတက်မှုများစွာတို့ အနက် လက်တစ်ကမ်း မှတ်တမ်းပြုရလျှင် ဤမဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီတော် စံပျော်ရာ ဤဒေသတစ်ခွင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့၌ ခရိုင်ချင်းဆက် လမ်းမကြီးများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာတက္ကသိုလ်၊ အစိုးရကွန်ပျူတာ တက္ကသိုလ်၊ နယ်စပ်ဒေသ လူငယ်ဖွံ့ဖြိုးရေးကျောင်းများအပြင် ခုတင်(၂၀၀) အထူးကုဆေးရုံကြီး၊ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း၊ လင်းခေးမြစ်ရေတင်စီမံကိန်း၊ ဝမ်ပုံဆည်၊ ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းများနှင့်တကွ ထပ်ဆင့်ရုပ်သံလွှင့်စက်ရုံ၊ နေ့ချင်းရောက် သတင်းစာများ၊ ကျေးလက် စာကြည့်တိုက်များ၊ စံပြကျေးရွာများ အလျှိုအလျှို မိုမိုမောက်မောက် ထွန်းတောက်လျက် ရှိနေလေပြီ။

လွိုင်လင်မြို့နှင့် ပင်လုံမြို့ကြား ခြောက်မိုင်ရှည် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ကျေးရွာများမှာ ယခင်ကာလများတုန်းက သက်ကယ်မိုး၊ ဝါးထရံကာများဖြင့်သာ ခပ်ငုံ့ငုံ့ တည်ရှိနေခဲ့ရာမှ ယခုသော် နှစ်ထပ်၊ နှစ်လွှာ အုတ်ကာ၊ သွပ်မိုး၊ ခပ်ဖြိုးဖြိုး ခပ်ကြော့ကြော့ ခပ်မော့မော့တည်ရှိလာနေလေပြီ။ တီဗွီနှင့်အောက်စက် အိမ်မိုးအထက်မှာ စလောင်း ကောင်းကောင်းကြီး သုံးစွဲလာနိုင်ကြပြီ။ အားလပ်ချိန်တွေမှာ သုတရှာ စာပေဖတ် စာတတ်ပေတတ်တွေ ပိုမိုထွန်းကားလာလေပြီ။ စိုက်ပျိုးရေးဖြစ်ထွန်းလာသလောက် ဥစ္စာတွေမိုမောက် သဒ္ဓါတရားတွေပိုတောက် ကျောင်းကန်ဘုရားမှာ တရားရေသောက် နိဗ္ဗာန်သို့ လမ်းပေါက်နေလေပြီ။

ဤသို့ ဤပုံ ဤပြည်ထောင်စုမြန်မာနိုင်ငံ၌ ဤတပ်မတော်အစိုးရလက်ထက်ရောက်မှသာ မကြုံစဖူး ထူးကဲတင့်မောစွာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ နိုင်ငံလုံးခြုံ ဖြစ်ထွန်းလာပြီ နယ်စပ်ဒေသခံများ၊ ကျေးလက်ဒေသခံများအထိ အကျိုးရလဒ်ကောင်းတွေ ထွေးပွေ့ကြည်နူးနေကြရပေရာ ယင်းအလင်းပွင့်များကိုမူ ဘယ်သူ့အခြွေမျှ မခံနိုင်ကြပါ။

အလင်းပွင့်တွေ အခြွေမခံ

အလင်းပွင့်ခြွေ လုပ်ရပ်များအဖြစ် အနောက်နိုင်ငံနှစ်နိုင်ငံက မြန်မာနိုင်ငံအပေါ် မတော်မတရားစွပ်စွဲချက်များဖြင့် ကုလသမဂ္ဂအထိ အတင်းအဓမ္မ မျက်နှာပြောင်တိုက် တင်သွင်းမှု ယခုဤဆောင်းပါး ရေးနေဆဲမှာပင် ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့(CSW)က မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်မှုများကို လတ်တလော ကြားသိနေကြရ၏။ ယင်းအလင်းပွင့်ခြွေ လုပ်ရပ်များနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချကာ အလင်းပွင့်ခြွေလက်ကို ခပ်ဆက်ဆက် ရိုက်ချပေးခဲ့ကြသလို ဒုတိယဖြစ်စဉ်၌လည်း မြန်မာနိုင်ငံတွင်းရှိ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း၊ အိုလမာအစ္စလာမ် သာသနာ့ ပညာရှင်များအဖွဲ့ချုပ်၊ အစ္စလာမ်သာသနာ့ရေးရာကောင်စီ ဌာနချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ–မွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် စသည်တို့က အလင်းပွင့်ခြွေတံချူကို ဒါးထက်ထက်ဖြင့် ဖြတ်ချလိုက်လေပြီ။

ဤမြန်မာနိုင်ငံသားတို့ကား လူမျိုးမရွေး၊ ဘာသာမရွေး တပ်မတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဘာသာ သာသနာ ညီမျှစွာအကျိုးပြုလျက်ရှိသည့် အမွန်အမြတ်တို့၏ ကောင်းကျိုးရလဒ်များကို ကိုယ်တွေ့ခံစားနေကြရသူများဖြစ်သည်နှင့်အညီ ထိုထို အပွင့်ခြွေလက်တွေကို တားဆီးတုံ့ပြန်နေကြမည်မှာ မလွဲမသွေ ဧကန်မုချ ဖြစ်လေ၏။

မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီစံပျော်ရာ ပင်လုံမြေ၌ပင် လဲချားမြို့ဘက် အထွက်လမ်းတွင်တည်ရှိသော ခရစ်ယာန်ကျောင်းသည် ယခုတပ်မတော်အစိုးရ လက်ထက်ရောက်မှ အုတ်ကာ၊ သွပ်မိုး ခပ်ဖြိုးဖြိုး တည်ရှိလာနိုင်၏။ ထို့အတူ လွိုင်လင်မြို့အဝ၌ တည်ရှိသော ခရစ်ယာန်ကျောင်းသည်လည်း ထိုနည်းလည်းကောင်းသာ ဖြစ်၏။ တပ်မတော်အစိုးရသည် မြန်မာနိုင်ငံ၌ မိမိယုံကြည်ရာ ကိုးကွယ်ခွင့်ကို အပြည့်အဝပေးထားသည်မှာ အမှန်ပင်ဖြစ်၏။ ဥပဒေဘောင်အတွင်း၌ မိမိယုံကြည်ရာ ဘာသာတရားအကျိုးကို လွတ်လပ်စွာသယ်ပိုးနိုင်သည်မှာ အမှန်ပင်ဖြစ်၏။ ထို့ကြောင့် ဘာသာရေးအလင်းပွင့်တွေ၊ လူမှုရေးအလင်းပွင့်တွေ၊ စီးပွားရေးအလင်းပွင့်တွေ၊ အလင်းပွင့်တွေ အခြွေမခံနိုင်ကြသည်မှာ နိုင်ငံသားအားလုံးတို့၏ သန္နိဋ္ဌာန် ဖြစ်ပါတော့သည်။

ဘယ်သူခွဲခွဲ ဘယ်မကွဲ၊ ဘယ်သူဖျက်ဖျက် ဘယ်မပျက်၊ ဘယ်သူဖဲ့ဖဲ့ ဘယ်မပဲ့၊ ဘယ်သူနှောက်နှောက် ဘယ်မနှောက်၊ ဘယ်သူဖိဖိ ဘယ်မပိ၊ ဘယ်သူခြွေခြွေ ဘယ်မကြွေဟူသည် စည်းလုံးညီညွတ်ခြင်းပင်ဖြစ်၏။ သာမဂ္ဂီစိတ်ထားပင်ဖြစ်၏။

တိုင်းရင်းသားအားလုံးတို့၏ထူးကဲသော စည်းလုံးညီညွတ်မှု ဒြပ်ပုံဖြစ်သည့် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် နှစ်ပတ်လည်နေ့မှစ၍ အရှေ့အနာဂတ်ကာလ တစ်လျှောက်လုံး စည်းလုံးညီညီသာမဂ္ဂီ ကမ္ဘာတည်သရွေ့ တည်စေသတည်း။ ။

မြန်မာ့အလင်း ပြည်တွင်းသတင်းအစုံအလင်

အခမဲ့ ဆေးကုသပေး

မန္တလေးတိုင်း မိတ္ထီလာမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးသန်း ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများ အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က ဝမ်းတွင်းမြို့နယ် သဲတောရပ်ကွက်သို့ ကွင်းဆင်း၍ ပြည်သူ ၃၀၃ ဦးအား ကျန်းမာရေး အသိပညာပေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဂန့်ဂေါခရိုင် စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

မကွေးတိုင်း ဂန့်ဂေါခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မကွေးတိုင်း မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရောင်းဝယ်ရေးအရာရှိ ဦးဇော်လင်းဦးနှင့် ဝန်ထမ်းများက စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၁၄ရက်ကကျင်းပရာ အလှူရှင်များကိုယ်စား ဂန့်ဂေါမြို့ မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဆိုင်တာဝန်ခံ ဦးမြင့်အောင်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်ထံ စာအုပ်မျိုးစုံ ၂၆၃၀ ပေးအပ်လှူဒါန်းခဲ့သည်။

ပညာရေးစုံညီပွဲတော် ကျင်းပ

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇန်နဝါရီ ၄ ရက်က ကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်ကို တနိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် မြို့နယ်ပညာရေးမှူး ဦးဆာရ်ဝမ်ဖုန်တို့က အမှာစကားပြောကြားခဲ့ပြီး အားကစား ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

မီးသတ်ပစ္စည်းများစစ်ဆေး

ပဲခူးတိုင်း ကျောက်တံတားမြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နီလာ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဟိန်းဇော်တို့သည် ဈေးအတွင်း လျှပ်စစ်မီးသွယ်တန်းထားမှုများ၊ မီးသတ်ရေပုံး၊ ဆေးဘူး၊ ရေ၊ သဲ၊ လက်ဆွဲ မီးသတ်စက်ထားရှိမှုကို စစ်ဆေးခဲ့ကြသည်။

တီဘီရောဂါဆိုင်ရာ အသိပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်း မင်းကင်းမြို့ မြို့နယ်ဆေးရုံ သံဃာဆောင်၌ တီဘီရောဂါနှင့် စပ်လျဉ်း၍လည်းကောင်း၊ တီဘီရောဂါစီမံချက်နှင့် စပ်လျဉ်း၍လည်းကောင်း အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ၁၃ ရက်က ကျင်းပရာ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်စိုးက တီဘီရောဂါစီမံချက်နှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာအေးအေးမြင့်က ဆေးလိပ်နှင့် ပတ်သက်သော ဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလှူငွေပေးအပ်ပွဲကျင်းပ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာ မူလတန်းလွန်ကျောင်းအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့နေ ဒေါ်လွန်းမေ(ဒူလာမီးယပ်) ဆေးတိုက်ပိုင်ရှင်မိသားစုက အလှူငွေကျပ် ၁၅သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးမင်းစံသိန်းထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု စစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်အတွင်း ဌာနဆိုင်ရာများနှင့် ရပ်ကွက်များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုနှင့် ပျိုးထောင်ထားမှုတို့ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီးဟန်ထွန်းက ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မဟာရွှေစည်ကြီး စေတီတော်ဗုဒ္ဓပူဇနီယပွဲ

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာကမ္မဇလကုန်းတော်ပေါ်ရှိ မဟာရွှေစည်ကြီး စေတီတော် သတ္တမအကြိမ်ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၈ ရက်မှ လပြည့်ကျော်တစ်ရက်အထိ ကျင်းပခဲ့ရာ ပွဲတော်ကာလတွင် အမှတ်(၁)စက်မှု ဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ရောင်းချခဲ့ပြီး ဘုရားပွဲလာပြည်သူများအား မျက်စိရောဂါအထူးကု သမားတော်ကြီးများက မျက်စိရောဂါများ အခမဲ့စမ်းသပ်ကုသပေးခဲ့ကြကြောင်း သိရသည်။

ကုံလုံ ပရိယတ္တိစာသင်တိုက်၏ အလှူတော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် ကုံလုံ ဆရာတော်ကြီး၏ ခန္ဓာဝန်ချ သုံးနှစ်ပြည့် အထိမ်းအမှတ် အလှူတော်ကို ဇန်နဝါရီ ၂၆ ရက်က ထယ်လွန်းကျေးရွာ ကုံလုံ ပရိယတ္တိ စာသင်တိုက် သာသနာ့ဗိမာန်တော်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဘီလိယက်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် မြို့နယ်ဘီလိယက်နှင့် စနူကာအသင်းက ကြီးမှူး၍ နှစ်ယောက်တွဲ ဘီလိယက်ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ အားကစားသမား ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရ ဦးရဲမင်းထွဋ်နှင့် ဦးဝင်းနိုင်(လျှပ်စစ်)တို့အတွဲအား မြို့နယ်ဘီလိယက်နှင့် စနူကာအသင်းဥက္ကဋ္ဌ ဦးအောင်နိုင်က ဆုကြေးငွေ ကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက(၁)ဗဟန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟန်းမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ မိုးဦးပန်းခန်းမ၌ကျင်းပရာ ကန်တော့ခံ ဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ပြောကြား

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်နှင့်အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့နွဲ့တို့က ဩဝါဒစကားပြောကြားသည်။ ဆက်လက်၍ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ကန်တော့ပွဲ ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားကာ ကန်တော့ခံ ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

ပေးအပ်

ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများအား တစ်ဦးချင်းစီ ကန်တော့ပစ္စည်းများပေးအပ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများက ကံစမ်းမဲဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူဟောင်းများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ပညာရေး အရည်အသွေးမြင့်မားရေး ဆောင်ရွက် အရည်အသွေးပြည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီ၏ (၁/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ တက္ကသိုလ် ပညာရေးအဖွဲ့များကောင်စီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စာပေ ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးရုံးရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

မှာကြား

အစည်းအဝေးတွင် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိုင်ငံတော်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ငါးရပ် ဖြစ်သော ဆရာ၊ဆရာမများ အရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာနိုင်ငံတကာအဆင့်မီရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးချရေး၊ စည်းမျဉ်းစည်းကမ်းလိုက်နာသူကျောင်းသူ၊ကျောင်းသားများဖြစ်ရေး၊ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးရေး စသည်နှင့်အညီ တက္ကသိုလ်ပညာရေး အရည်အသွေး မြင့်မားရေးအတွက်နှင့် အရည်အသွေးပြည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ အစည်းအဝေးတွင်လည်း ထိုလမ်းညွှန်ချက်များနှင့်အညီ အမှာစာများအပေါ် ဆွေးနွေးတင်ပြသွားကြရန် မှာကြားသည်။

ဆွေးနွေးဆုံးဖြတ်

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေးတွင် တက္ကသိုလ်များမှ တင်ပြလာသော အမှာစာ ၅၀ ကို ဆွေးနွေးကြပြီး နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကိစ္စရပ်များအတွက် ဆွေးနွေးဆုံးဖြတ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာရုပ်ရှင်ကားသစ်များ မဝင် နိုင်ငံခြားဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ယခု သောကြာပတ်တွင်လည်း မြန်မာရုပ်ရှင်ကားသစ်များ ရုံဝင်လာခြင်းမရှိသေးဘဲ နိုင်ငံခြားဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

ဒုတိယမြောက် ဟန်နီးမွန်း ဗီဒီယိုဇာတ်ကားမှ နန္ဒာလှိုင်။

မင်္ဂလာရုံတွင် Pirates of the Caribbean၊ သွင်ရုံတွင် Mission inpossible (3)၊ ရွှေဆောင်ရုံတွင် World Trade Center နှင့် နေပြည်တော်ရုံတွင် Dragon Tiger Gate တို့ ဆက်လက်ပြသလျက်နေသည်။

ရွှေဆောင်ရုံတွင် ရုံဝင်လာသော World Trade Center ဇာတ်ကားမှာ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ လေယာဉ်ဖြင့် ဝင်တိုက်ခံရသော ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ အပျက်အစီးများအောက်တွင် အသက်ရှင်လျက် ကျန်သူများကို ခဲခဲယဉ်းယဉ်း ကယ်တင်လိုက်ရပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

သမ္မတရုံတွင် ရုံဝင်လာသော Dija-Vu ဇာတ်ကားမှာ အမေရိကန် ရေတပ် မိသားစုများလိုက်ပါလာသော ကူးတို့သင်္ဘောကြီးကို မသမာသူတစ်စုက အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းကို ဖော်ထုတ်စုံစမ်းပုံ အဆင့်ဆင့်ကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ် ပါဝင်ထားသော Under Siege ဇာတ်ကားရုံဝင်လာပြီး မြေညီထပ်၌ kyaa Dil Ne Kahaa ဇာတ်ကားပြသနေသည်။ မြို့မရုံတွင် ကုန်ဘောင်ဘီဒိုးလ်၊ အရှေးကူးမား၊ အမီရှားပတေးလ်တို့ ပါဝင်ထားသော Humraaz ဇာတ်ကားရုံဝင်လာသည်။

ဝဇီရာရုံတွင် **ပန်းပျိုးသူတို့ အလင်္ကာ**၊ ဘုရင့်ရုံတွင် Ishq Vish၊ ဆုထူးပန်ရုံတွင် Kuch Kuch Hota Hai ဇာတ်ကားများပြသနေသည်။

နင်ငယ် နုတယ် နုရယ် ဇာတ်ကားမှ နိုင်းနိုင်း။

ဒုတိယမြောက် ဟန်နီးမွန်း ဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာရုံများတွင်ဆက်လက် အောင်ပွဲခံလျက်ရှိသည်။ နဝဒေးရုံတွင် **နုငယ် နုတယ် နုရယ်** ဗီဒီယိုဇာတ်ကားပြသ နေသည်။ နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ရဲအောင်နှင့် မေသန်းနုတို့ ပါဝင်ထားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အသင်းဟောင်း မန်ယူကို ယှဉ်ပြိုင်ဖို့ ဘက်ခမ်းပြန်လာပြီ

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၅

အင်္ဂလန်တွင် တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် ဒေးဗစ်ဘက်ခမ်းတစ်ယောက် မကြာမီကာလအတွင်း အသင်းဟောင်း မန်ချက်စတာယူနိုက်တက်အသင်းကို ရင်ဆိုင်ယှဉ်ပြိုင်ကစားရန် အိုးထရက်ဖို့ဒ်သို့ ပြန်လာလိမ့်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ရွေးချယ်ထား

ဘက်ခမ်း အိုးထရက်ဖို့ဒ်သို့ ပြန်လာပြီး အသင်းဟောင်းမန်ယူကို ယှဉ်ပြိုင်ရမည့်အကြောင်းကတော့ အီတလီနည်းပြမာဆယ်လိုလစ်ပီက သူ၏ ဥရောပလက်ရွေးစင်အသင်းတွင် ဘက်ခမ်းအား ရွေးချယ်ထားခြင်းကြောင့် ဖြစ်သည်။ မည်သို့ရှိစေကာမူ ဘက်ခမ်းတစ်ယောက် အသင်းဟောင်းမန်ယူကို ယှဉ်ပြိုင်ရန် အိုးထရက်ဖို့ဒ်သို့ လာရောက်မည်ကို အင်္ဂလန်ဘောလုံးပရိသတ်နှင့် ကမ္ဘာ့ဘောလုံးပရိသတ်များက အထူးစိတ်ဝင်စားကြမည်မှာ အမှန်ပင်ဖြစ်သည်။

ဘက်ခမ်းကို ရွှန်နေ ဤသို့ကြိုဆိုမှာလား။
(ဓာတ်ပုံ-အင်တာနက်)

စိတ်ဝင်စားဖွယ်

ဘက်ခမ်းတစ်ယောက် ၂၀၀၃ ခုနှစ်က အိုးထရက်ဖို့ဒ်ကို ကျောခိုင်းပြီး စပိန်လာလီဂါ ရီးရဲမက်ဒရစ်သို့ ရောက်ရှိသွားခဲ့သည်။ ဘက်ခမ်းအနေဖြင့် အသင်းဟောင်း မန်ယူကို ဘယ်လိုရင်ဆိုင် ယှဉ်ပြိုင်မည်နည်း၊ နည်းပြတာဝန်ယူမည့် လစ်ပီ၏ဆန္ဒအတိုင်း ဂိုးတွေသွင်းပြမည်လား၊ သို့မဟုတ် ဆရာဟောင်းဖာဂူဆန် ကျေနပ်အောင် ကစားမည်လား ဆိုသည်မှာ အလွန်စိတ်ဝင်စားဖွယ် ကိစ္စဖြစ်နေသည်။

ကျော်ကြားမှု

ဘက်ခမ်းသည် ၁၉၉၁ ခုနှစ် ဇူလိုင်လ ၈ ရက်က မန်ယူ၏လေ့ကျင့်ရေးကွင်း၌ သူ၏ဘောလုံးသမားဘဝကို စတင်ခဲ့သူ ဖြစ်သည်။ ၁၉၉၂ ခုနှစ် လူငယ်ဖလားပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် ဘက်ခမ်း၏ကျော်ကြားမှု စတင်ခဲ့ရသည်။ ယင်းနောက် မန်ယူနှင့်အတူ ဖလားများရယူနိုင်ခဲ့သလို ဘက်ခမ်း၏ကျော်ကြားမှုမှာလည်း အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

ရောင်းချခဲ့

သို့သော်လည်း ဘက်ခမ်း၏ နည်းပြ ဖာဂူဆန်က ဘက်ခမ်းကို မန်ယူတွင် ကြာကြာထိန်းမထားနိုင်၍ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေးပေါင် ၃၅သန်းဖြင့် ရောင်းချလိုက်ရသည်။ ထိုအချိန်တွင် မန်ယူအတွက် ဘက်ခမ်း ပွဲပေါင်း ၃၉၇ပွဲ ပါဝင်ကစားပေးခဲ့ပြီး ဂိုးပေါင်း ၈၆ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ရသော်လည်း ဘက်ခမ်း၏ ကျော်ကြားမှုမှာ ကျဆင်းမသွားခဲ့ပေ။ ၎င်း ပြောင်းရွှေ့သည့်နေ့က ဘက်ခမ်းဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၂၃ ရှပ်အင်္ကျီတစ်ထည်တည်းကို ပေါင် ၆၀၀၀၀၀ ဖြင့် စံချိန်တင် ရောင်းချလိုက်ရ၍ ရီးရဲမက်ဒရစ်တို့ အကြိုက်ဖြစ်စေခဲ့သည်။

သို့သော်လည်း ဘက်ခမ်းသည် ယူရို ၂၀၀၄ တွင် အင်္ဂလန်အသင်းနှင့် ပေါ်တူဂီတို့ယှဉ်ပြိုင်ခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပယ်နယ်တီလွဲချော်ခဲ့၍ ဘက်ခမ်း၏ ပရိသတ်များ အလိုမကျဖြစ်ခဲ့ရသည်။

အသင်းဟောင်း မန်ယူနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် ဒေးဗစ်ဘက်ခမ်း ပြန်လာပြီ။
(ဓာတ်ပုံ-အင်တာနက်)

ရီးရဲမက်ဒရစ်အသင်းတွင်လည်း ဘက်ခမ်း၏ ကျော်ကြားမှုကြောင့် ရီးရဲမက်ဒရစ်တို့ ဝင်ငွေတိုးခဲ့သော်လည်း ဘက်ခမ်းရောက်ချိန်မှစပြီး ရီးရဲမက်ဒရစ်တို့ ဖလားတစ်လုံးမျှ မဆွတ်ခူးနိုင်ပေ။

ထွက်ပေါက်ရ

ထို့ကြောင့်လည်း ရီးရဲမက်ဒရစ်အသင်း ဖလားပြန်လည်ရရှိရေး ကြိုးပမ်းမှုတွင် နည်းပြကာပယ်လို၏ ဖိအားပေးမှုကို ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း မကြာမီက အမေရိကန် ကလပ် ဂလက်ဆီအသင်းနှင့် ငါးနှစ်စာချုပ်ရန် သဘောတူလိုက်ပြီဖြစ်၍ ဘက်ခမ်း ထွက်ပေါက်ရသွားခဲ့ရသည်။

မကြာမီက ရီးရဲမက်ဒရစ် အသင်းတွင် ပြန်လည်ထည့်ကစားခဲ့၍ ရီးရဲဆိုစီဒက်နှင့်ပွဲ၌ ဘက်ခမ်းက တစ်ဂိုးပင်သွင်းပြလိုက်သေးသည်။ ဘက်ခမ်း ခြေစွမ်းရှိသေးကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဒေးဗစ် ဘက်ခမ်းတစ်ယောက် အီတလီ အသင်းကို ကမ္ဘာ့ဖလား ရယူပေးခဲ့သည့် မာဆယ်လိုလစ်ပီ၏ ဥရောပလက်ရွေးစင်အသင်းတွင် ပါဝင်ကစားမည်ဖြစ်၍ အသင်းဟောင်း မန်ယူနှင့် ကစားရတော့မည် ဖြစ်သည်။ ယင်း ဥရောပလက်ရွေးစင်အသင်းနှင့် မန်ယူတို့ ကစားကြမည့်ပွဲကို မတ် ၁၃ရက်တွင် အိုးထရက်ဖို့ဒ်၌ ကစားရန်စီစဉ်ထားသည်။

နှစ်(၅၀)ပြည့်

ယင်း ဥရောပ လက်ရွေးစင်အသင်းတွင် လီဗာပူးအသင်း ခေါင်းဆောင် ဂျရတ်နှင့် နောက်တန်း လူကာရေဂါ တို့ကိုလည်း ရွေးချယ်ထားကြောင်း သိရသည်။ အဆိုပါပွဲစဉ်သည် မန်ယူအသင်း၏ ဥရောပပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သော နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပွဲ ဖြစ်သည်။

ဥရောပ လက်ရွေးစင်အသင်းကို ကိုင်တွယ်မည့် မာဆယ်လိုလစ်ပီသည် ပွဲကျပ်များနေသည့် အာဆင်နယ်နှင့် ချယ်လ်ဆီးကစားသမားများကို ရွေးချယ်ခြင်း မပြုခဲ့ဟု ဆိုသည်။

ထိုပွဲစဉ်တွင် မန်ယူနည်းပြ ဖာဂူဆန်က လာဆင်အပါအဝင် ကစားသမား လူစုံတက်စုံ ထုတ်ကစားသွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားထားသည်။

ဂုဏ်ယူ

ဥရောပ လက်ရွေးစင်အသင်းတွင် ကစားသမား အပြည့်အစုံမရွေးချယ်ရသေးသော်လည်း ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်စွဲခဲ့သည့် အီတလီအသင်းမှ အများဆုံးခေါ်ယူကစားမည် ဖြစ်ကြောင်းလည်း မာဆယ်လိုလစ်ပီက ပြောကြားသည်။ ဥရောပလက်ရွေးစင်အသင်းတွင် လီဗာပူး ကစားသမားနှစ်ဦးအား ရွေးချယ်ထား၍ နည်းပြဘင်နီတက်ဇ်က ဂုဏ်ယူမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ဒေးဗစ်ဘက်ခမ်းတစ်ယောက် အိုးထရက်ဖို့ဒ်၌ အသင်းဟောင်းမန်ယူနှင့် ကစားမည်ဖြစ်၍ ဘောလုံးပရိသတ်များ စိတ်ဝင်စားနေကြသည်။ ဘက်ခမ်းတစ်ယောက် အိုးထရက်ဖို့ဒ်သို့ ပြန်ရောက်ချိန်တွင် တစ်ချိန်က ကစားဖော်များဖြစ်ကြသည့် ရွှန်နေ၊ ရိုင်ယန်ဂစ်၊ ပေါလ်စခိုးလ်၊ ဖာဒီနန်၊ ဆိုးလ်ရှား၊ ဂယ်ရီနဗီးလ် စသော ကစားသမားများက မည်သို့ ကြိုဆိုမည်နည်း၊ မည်သို့ တုံ့ပြန်မည်နည်း၊ မည်သို့ ယှဉ်ပြိုင် ရင်ဆိုင်ကြမည်နည်း ဘောလုံးပရိသတ်များ စောင့်စားကြည့်ရှုကြရဦးမည်ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ယူအီးအက်ဖ်အေဖလားပွဲများ ယှဉ်ပြိုင်ကစား လေဗာကူဆင်နှင့် ဘင်ဖီကာတို့ နိုင်ပွဲများရရှိ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် ဖေဖော်ဝါရီ ၁၅

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၄ရက်က ဆက်လက်ကစားရာ လေဗာကူဆင်နှင့် ဘလက်ဘန်းတို့ပွဲတွင် လေဗာကူဆင်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဘင်ဖီကာနှင့် ဒိုင်နမိုဘူခါရက်တို့ ပွဲတွင် ဘင်ဖီကာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လေဗာကူဆင်နှင့် ဘလက်ဘန်း

လေဗာကူဆင်တို့က ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၁၈မိနစ်မှာပင် ဘရက်ကာက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ဘလက်ဘန်းတို့ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဒေးဗစ်ဘင့်လေက ပွဲချိန် ၃၉မိနစ်၌ ချေပဂိုး သွင်းယူပေးခဲ့သော်လည်း ၄၃ မိနစ်တွင် လေဗာကူဆင်မှ ရာမီလော နှင့် ၅၆မိနစ်တွင် ရှချင်ဒါတို့က တစ်ဂိုးစီ သွင်းယူလိုက်သဖြင့် လေဗာကူဆင်တို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ဘလက်ဘန်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၈၆မိနစ်၌ နွန်ဒါက တစ်ဂိုး သွင်းယူပေးခဲ့သဖြင့် ဘလက်ဘန်းတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ဘင်ဖီကာနှင့် ဒိုင်နမို

အိမ်ကွင်း၌ ကံကောင်း၍ ဘင်ဖီကာတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘင်ဖီကာသည် ဒိုင်နမိုအပေါ် ဖိကစားနိုင်ပြီး ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲ ပွဲချိန် မိနစ်၉၀ရောက်မှသာ တိုက်စစ်မှူးမိုကိုလီက တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့၍ ဘင်ဖီကာတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)



ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအဖြစ် ဘင်ဖီကာနှင့် ဒိုင်နမိုဘူခါရက်တို့ပွဲတွင် ဘင်ဖီကာမှ ကောစတာ (ယာ) **နှင့် ဒိုင်နမိုဘူခါရက်မှ ဘရစ်စတီးရာတို့ ဘောလုံးယှဉ်လုစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ဘိုဒေါ	၀	-	၀	အိုဆာဆူနာ
အေအီးကေအေသင်	၀	-	၂	ပီအက်စ်ဂျီ
စီအက်စ်ကေအေ	၀	-	၀	ဟိုင်ဖာ
ဖီနာဘာချီ	၃	-	၃	အေဇက်အယ်လ်ခမော
လီဗော်နို	၁	-	၂	အက်စ်ပန်းညို
ရှက်တာဒိုးနက်	၁	-	၁	အေအက်စ်နန်စီ
ဟာပိုးလ်တဲလ်အဗစ်	၂	-	၁	ရိန်းဂျား
ဝါဒါဘရီမင်	၃	-	၀	အေဂျက်။

(အင်တာနက်)

အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲ အာဆင်နယ်က ဘော်လ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၅

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ စတုတ္ထအဆင့် ပြန်ကန်ပွဲအဖြစ် ဘော်လ်တန်နှင့် အာဆင်နယ်အသင်းတို့ ဖေဖော်ဝါရီ ၁၄ ရက်က ဘော်လ်တန်၏ ရေးဘော့အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထိုးဖောက်

အွန်နရီနှင့် ဗန်ပါစီ မပါသော အာဆင်နယ်တိုက်စစ်တွင် အဒီဘာယောကို တစ်ဦးတည်း တိုက်စစ်မြားဦးထားကာ ရိုဆစ်စကီး၊ ဟဲလ်၊ ဒီရာဘိုင်နှင့် ဒီနယ်လ်ဆင်တို့က ဝိုင်းရံကာ တိုက်စစ်ကိုအားပြုကစားခဲ့ရာ ထိုးဖောက်ဂိုးသွင်းမှု (၁၈)ကြိမ်ခန့် ရရှိခဲ့သည်။

သရေပွဲ

အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၃မိနစ်၌ တိုက်စစ်မှူး အဒီဘာယောက တစ်ဂိုးသွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ ပွဲချိန် ၆၄မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိမှုကို ဂျီဘာတိုဆေးလ်ဗား ကန်သွင်းခဲ့ရာ မဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဘော်လ်တန်အတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၉၀၌ ဘော်လ်တန်နောက်ခံလူ မီတေးက သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသဖြင့် အချိန်ပို ဆက်လက် ကစားခဲ့ရသည်။

ပွဲချိန် ၁၀၈မိနစ်တွင် အာဆင်နယ်မှ ယွန်းဘတ်က တစ်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန်မိနစ် ၁၂၀၌ အာဆင်နယ်တို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ဘာတစ္စတာ ကန်သွင်းသော်လည်း မဝင်ခဲ့ရာ အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောက တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲစဉ်အဖြစ် ဘော်လ်တန်နှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်မှ ဂျီဘာတိုဆေးလ်ဗား ဂိုးသွင်းရန် ကြိုးစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

16-2 (12) 1 2/16/07, 1:54 PM

ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် ၁၀မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာ ဣန္ဒာသယရှာမကြီးကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဦးနာရဒ ငါးနှစ်ပြည့်အထိမ်းအမှတ်ကျေးဇူးဆပ်ပွဲကို (တပေါင်းလဆန်း ၃ရက်) ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီမှ စ၍ အဆိုပါကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများ အချိန်မီ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(က–ပ)

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၉၂၊
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကြခင်းစုရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁)နေ ဦးဝင်းမြင့် MD (Best Win Co.,Ltd.)–ဒေါ်စမ်းမူ (Best Win Co.,Ltd.) တို့၏သား

မောင်ရဲဝင့်ဝင်း

B.Sc(Biotechnology)
Dip:in Aeronautical(Y.T.U)
Yangon Airways Engineering

နှင့်

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်နေ ဦးထွန်းသိန်း – ဒေါ်သန်းသန်းနွဲ့တို့၏သမီး

မအိအိမွန်

B.A(IR),D.A(LCCI,UK)

တို့၏ ၁၀–၂–၂၀၀၇ရက်(စနေနေ့)တွင် Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စပယ်ပန်းကုံးများ ချီးမြှင့်ပေးသော ဗိုလ်ချုပ်လှထွန်း (ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်လှိုင်၊ လက်ထပ်လက်စွပ် ချီးမြှင့်ပေးသော သူရဦးအောင်ထက်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)နှင့်ဇနီးဒေါ်စောမြ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်မဟေမာနေဝင်း၊ တေးဂီတစန္ဒရားသိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော တူမလေး မဝင့်ရတနာ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော တေးသံရှင်တွယ်တာ၊ သတို့သားအရံ မောင်ကျော်စွာဦး၊ သတို့သမီးအရံ မခိုင်ဇာအောင်၊ ဗီဒီယိုဓာတ်ပုံ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိတ်ကပ် ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံချုပ်ပေးသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲဝင့်ဝင်း–မအိအိမွန်။

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားကို သုံးခွမြို့နယ်တွင်ပြုလုပ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးကာ အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဖြူးဆရာတော် (အာယုဒါန–ဘေသဇ္ဇဒါန) အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန် ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ လှိုင်နှင့် ဖြူးမြို့ မဟာစည်ရိပ်သာ၏ ပဓာန နာယက ဖြစ်တော်မူသော ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လှိုင်(၁၆) ရပ်ကွက် မာလာမြိုင် ၈ လမ်း ဦးတင်ဦး (၄၅)နှစ်မွေးနေ့မင်္ဂလာ၊ ၁၉ ရက်တွင် ၃၇ လမ်း ကျောက်တံတားမြို့နယ်၊ ၂၀ ရက်တွင် မ/ဥက္ကလာ၊ ၂၅ရက်နံနက် ၉ နာရီတွင် ဓမ္မရက္ခိတ ဖြူးမဟာစည် လှိုင်မြို့နယ်၌ တရားဟောကြား ချီးမြှင့်မည်ဖြစ်သည်။

ဆရာတော်သည် ပြည်ပနိုင်ငံသို့ ကျန်းမာရေးဆေးကုသမှု ခံယူကြွရောက်ပြီး ခြောက်လခန့် တရားဟော ခရီးစဉ်များ အနားယူရမည်ဖြစ်၍ ကျန်းမာရေးအတွက် (အာယုဒါန–ဘေသဇ္ဇဒါန) လှူဒါန်းလိုသူများနှင့် ပင့်လျှောက်ထားပြီးသော အဝေးနယ် တရားပွဲများ၊ ဝိပဿနာ ၁၀ ရက် တရားစခန်းများကို အသေးစိတ်သိလို ပါက ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁–၈၄၆(၁၈၁)၊ ၀၉–၅၀–၁၇၅၅၄ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က–ပ)

လေဖိအားနည်းရပ်ဝန်းများကြောင့် အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ အနောက် လေစီးကြောင်းများအတွင်း ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းများကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး သုံးခွမြို့နယ် ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ၄၅မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် သုံးခွမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ သုံးခွမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျေးလက်ဒေသရှိ ပြည်သူများအား မျက်စိအထူးကု ဆရာဝန်ကြီးများဖြင့်မျက်စိရောဂါကုသပေးခြင်း၊ တီဘီရောဂါ ဝေဒနာရှင်များအားအိမ်တိုင်ရာရောက်ကုသပေးခြင်း၊ ကျန်းမာရေး စီမံချက်လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလည်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သုံးခွမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

အလှူငွေများပေးအပ်

ထို့နောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဗဟိုအမှုဆောင် ဒေါ်ခင်မိမိနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး၏ဇနီး ဒေါ်ခင်မာဆွေတို့က အလှူငွေများကို လက်ခံကြသည်။

ဆက်လက်၍ သုံးခွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေးစကားပြောကြား

အခမ်းအနားအပြီးတွင်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကံညွှန့် ခေါင်းဆောင်သော မျက်စိအထူးကု ဆရာဝန်ကြီးများ၏ လူနာစမ်းသပ် စစ်ဆေးမှုများနှင့် ခွဲစိတ်ခန်း အခြေအနေကို လှည့်လည်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးကာ အားပေးစကား ပြောကြားသည်။

ကျပ်သိန်း ၁၄၀

အဆိုပါ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ယနေ့မှ ဖေဖော်ဝါရီ ၁၇ ရက် အထိ ဆောင်ရွက်သွားမည် ဖြစ်ပြီး မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ်သိန်း ၁၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော်
ဖေဖော်ဝါရီ ၁၅

မြန်မာစံတော်ချိန် ယနေ့နံနက် ၂ နာရီ ၂၃ မိနစ် ၄၆ စက္ကန့် အချိန် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၁၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို (နီးယစ်ကျွန်းဒေသ အင်ဒိုနီးရှားနိုင်ငံ) ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၅ အဆင့်ရှိ အင်အား အသင့်အတင့် ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

မြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာ အမှတ်(၄) လမ်းမဘေး ပိုင်ရှင် ဦးကျော်ရှိန် သုဘောဂ အုတ်ဖုတ်လုပ်ငန်းတာဝန်ခံ ဦးသောင်းညွန့်အိမ်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခန့်က အုတ်ဖုတ်သည့်ဖိုပေါ်သို့ ဖွဲစလောင်းအုပ်ရာမှ မီးအပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အဆောက်အအုံ အပေါ်မိုး တစ်ဝက်ခန့် မီးလောင်ဆုံးရှုံးသည်။

ချမ်းအေးသာစံမြို့နယ်

ထို့အတူ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် အိမ်အမှတ်(၄၄)နေ ဦးရန်နိုင်မြင့်(ခ) ဦးမြင့်ဌေး၏ သံကူကွန်ကရစ် နှစ်ထပ်မူကြိုကျောင်း ဒုတိယထပ်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခန့်က ကိုယ်ပိုင်မီးစက်အသုံးပြုရာ လေအေးပေးစက်မှ ဝါယာရှော့ဖြစ်၍ မီးလောင်မှု ဖြစ်ပွားသည်။ မီးလောင်မှုကြောင့် မွေ့ရာ၊ ခုတင်၊ လေအေးပေးစက်နှင့် မျက်နှာကြက်အနည်းငယ်တို့ မီးလောင်ဆုံးရှုံးသည်။

မဟာအောင်မြေမြို့နယ်

အလားတူ မန္တလေးတိုင်း မဟာ အောင်မြေမြို့နယ် မဟာနွယ်စင်ရပ်ကွက် လမ်း(၄၀) ၇၁x၇၂ ကြား အမှတ်(၆၉)နေ ဒေါ်သန်းသန်း–ပိုင်–စိုးမိုးရာ အမျိုးသားဘော်ဒါဆောင်၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီ တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ ထရံကူးစက်ပြီး မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်ကိုးလုံး မီးလောင်ခံရပြီး လူ ၅၈ ဦး မီးဘေးဒုက္ခရောက်ကာ လူတစ်ဦးမီးဟပ် ဒဏ်ရာ ရရှိသည်။

ရေတာရှည်မြို့နယ်

ထို့အတူ ပဲခူးတိုင်း ရေတာရှည်မြို့နယ် တောင်နံ့ချွန်ကျေးရွာနေ ဒေါ်ပို (ဈေးရောင်း)၏ အိမ်၌ ဖေဖော်ဝါရီ ၁၄ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်က ဘုရားမီးပူဇော်ရာမှ မီးလောင်မှု ဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ထရံနှင့် အပေါ်ထပ်ခေါင်မိုးမီးလောင်ကြောင်း မီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့ပန်းချီကားများ ကမ္ဘာ့ပန်းချီ ဈေးကွက်သို့ ထိုးဖောက်
လက်ရာကောင်း ပန်းချီကားများဖြင့် ကမ္ဘာ့ဈေးကွက်ရရေးကြိုးပမ်း

မေးမြန်း
စေ့ငုတင်ပြသူ
မြင့်မောင်စိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့ရှုခင်း၊ မြန်မာ့ရိုးရာဓလေ့ ပန်းချီကားများသည် ယနေ့ မျက်မှောက်ခေတ် ကမ္ဘာ့ပန်းချီ ဈေးကွက်များသို့ ထိုးဖောက်လျက်ရှိသည်။

အမျိုးသားရေး

မြန်မာပန်းချီဆရာများ၏ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံတော်အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေးဟူသော လူမှုရေး ဦးတည်ချက်နှင့်အညီ ဖော်ထုတ် ကူညီပံ့ပိုးနေခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှု အနုပညာ ပန်းချီ လက်ရာများသည် မြန်မာ့ပန်းချီ ဈေးကွက်တွင်သာမက ကမ္ဘာ့ပန်းချီဈေးကွက်များသို့ပါ ထိုးဖောက်လာပြီ ဖြစ်သည်။

ထိုသို့ ကမ္ဘာ့ပန်းချီဈေးကွက်များသို့ ထိုးဖောက်ကာပန်းချီပြပွဲများ သွားရောက် ပြသနေသည့် ပန်းချီဆရာများတွင် ပန်းချီဆရာမင်းဝေအောင်လည်း အပါအဝင်ဖြစ်သည်။ ၎င်းသည် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ မတ်လတွင် ပန်းချီပြပွဲ သွားရောက်မပြမီ အကြိုပြသမှုအဖြစ် ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၈၄(အေ)ရှိ ရတနာသစ် ပန်းချီပြခန်း၌ ဖေဖော်ဝါရီ ၁၇ရက် (မနက်ဖြန်)နှင့် ၁၈ရက်တို့တွင် ပြသသွားမည်ဖြစ်ကြောင်း ပန်းချီ ဆရာမင်းဝေအောင်က မြန်မာ့အလင်းသတင်းစာသို့ ဖိတ်ကြားသည့် ဖိတ်စာအရ သိရသည်။

ပန်းချီဆရာ မင်းဝေအောင် ဖိတ်ကြားသည့် ဖိတ်စာတွင် ဖိတ်စာနှင့်တကွ စီဒီတစ်ချပ်လည်း ပါလာသည်။ စီဒီကိုဖွင့်ကြည့်လိုက်တော့ ရဟန်း၊ သံဃာတော်များ နောက်ဘက်မြင်ကွင်းမှ ရေးဆွဲထားသောပန်းချီကားပုံများနှင့် သီလရှင်များ၏ နောက်ဘက် မြင်ကွင်းမှ ရေးဆွဲထားသော ပန်းချီကားပုံ တစ်ပုံ ပါလာသည်ကို တွေ့ရသည်။

ဤသို့ဖြင့်ဓာတ်ပုံအတွက်အထူး ရိုက်ရန် မလိုတော့သည့်အတွက် မြန်မာ့အလင်းက ဆက်သွယ်မေးမြန်းစေ့ငုကြည့်သည့်အခါ ပန်းချီဆရာ မင်းဝေအောင်က ပြောကြားသည်မှာ “ကျွန်တော် ဒီပန်းချီပြပွဲကို Under Sunshine လို့ အမည်ပေးထားပါတယ်။ မြန်မာလိုတော့ ‘နေရောင်အောက်မှာ’လို့ အဓိပ္ပာယ်ရမှာပေါ့။ ပြပွဲကာလမှာ ဖေဖော်ဝါရီ ၁၇ရက်နှင့် ၁၈ရက်ပါ။ ပြသမည့်အချိန်ကတော့ နံနက် ၁၀နာရီ မှ ညနေ ၇နာရီအထိ ဖြစ်ပါတယ်။ ပြသမည့် ပန်းချီကားအမျိုးအစားကတော့ အခရိုင်းလစ် အမျိုးအစားဖြစ်ပြီး ပန်းချီကားပေါင်း၂၀ ပြသမှာဖြစ်ပါတယ်”ဟု ဦးစွာ မြန်မာ့အလင်းသို့ ပြောကြားသည်။

ကိုရင်လေးတစ်ပါး ဆွမ်းဟင်းချိုင့်များ လှည့်လည်ယူရသည့် ဓလေ့သဘာဝကိုလည်း ပန်းချီဆရာ မင်းဝေအောင်က ဤသို့ စုတ်ချက်ဖြင့် တင်ပြထားသည်။

စီစဉ်ထား

“ကျွန်တော်လာမယ့် မတ် ၂၇ ရက်ကနေ ဧပြီ ၂၈ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ဒီလိုပန်းချီကားတွေ သွားရောက်ပြသဖို့ စီစဉ်ထားပါတယ်။ အဲဒီပြပွဲ မတိုင်မီ အကြိုအဖြစ် ဒီမှာပြသခြင်း ဖြစ်ပါတယ်။ ကျွန်တော် တစ်ဦးတည်း One Man Show ပြသခဲ့တဲ့ နိုင်ငံတွေကတော့ ၁၉၉၈ ခုနှစ်မှာ စင်ကာပူ၊ ၁၉၉၉ခုနှစ်မှာ ဟောင်ကောင်နှင့် လန်ဒန်၊ ၂၀၀၀ပြည့်နှစ်မှာ စင်ကာပူ၊ ၂၀၀၁ခုနှစ်မှာ မြန်မာနိုင်ငံ အမျိုးသားပြတိုက်၊ လန်ဒန်နှင့် ဟောင်ကောင်တို့မှာ ပြသခဲ့ပါတယ်။

ပြသခဲ့

တစ်ဖန် ၂၀၀၂ခုနှစ်မှာ ယခုပြသမယ့် ရတနာသစ် ပြခန်းမှာ ပြသခဲ့ပါတယ်။ ၂၀၀၃ခုနှစ်မှာဆိုရင် ဟောင်ကောင်နှင့်ယူကေ၊ ၂၀၀၄ ခုနှစ်မှာ အမေရိကန်နှင့် စင်ကာပူ၊ ၂၀၀၄ခုနှစ်က အမေရိကန်နိုင်ငံ နယူးယောက်၊ ချီကာဂိုနှင့် ဆန်ဖရန်ဆစ္စကိုမြို့များမှာ ပြသခဲ့ပါတယ်။

ဒီနောက် ၂၀၀၅ ခုနှစ်မှာ လန်ဒန်နှင့် ဟောင်ကောင်၊ ၂၀၀၆ ခုနှစ်မှာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့များမှာ သွားရောက်ပြသခဲ့ပါတယ်” ဟု ပန်းချီဆရာ မင်းဝေအောင်က မြန်မာ့အလင်းသို့ ဆက်လက် ပြောကြားပါသည်။

“အုပ်စုလိုက်ပြသခဲ့တဲ့ အကြိမ်ကတော့ ပြည်တွင်းမှာ (၂၅)ကြိမ်၊ ပြည်ပမှာ (၁၅)ကြိမ်လောက်ပြသခဲ့ပါတယ်။ အုပ်စုလိုက် ပြသတဲ့နေရာမှာ နိုင်ငံခြားသားပန်းချီဆရာ ပညာရှင်တွေနဲ့ ပူးပေါင်းပါဝင် ပြသခဲ့ပါတယ်။ ကျွန်တော် **အခုပြသနေတဲ့ကားတွေဟာ သံဃာတော်တွေ၊ သီလရှင်တွေရဲ့ နောက်ဘက်မြင်ကွင်းအနေအထားမှ ရေးဆွဲတဲ့ကား များပါတယ်။ သဘောကတော့ ရဟန်း၊ သံဃာတော်တွေဟာ လူ့ဘောင်လောကကို ကျောခိုင်းပြီး ငြိမ်းချမ်းရာ ဘုရားရိပ်၊ တရားရိပ်သို့ခိုလှုံရန် ကျောခိုင်းကြွချီသွားသည့်သဘော ဖြစ်ပါတယ်**”ဟု ၎င်းက ဆိုပါသည်။

ကျောင်းပြီး

“ကျွန်တော်ရဲ့ပန်းချီဆရာအဖြစ် ကြိုးပမ်းမှုမှာ ၁၉၇၉ခုနှစ်က ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း တက်ခဲ့ပြီး ၁၉၈၂ခုနှစ်မှာ ပန်းချီနဲ့ကျောင်းပြီးခဲ့ပါတယ်။ အဲဒီကစပြီး မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေနှင့် ဂျာနယ်တွေမှာ မျက်နှာဖုံးပန်းချီ၊ အတွင်းပန်းချီစသည်ဖြင့် ရေးဆွဲခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်မှာ အုပ်စုလိုက် ပန်းချီပြပွဲတွေ စလုပ်တယ်၊ အဲဒီတုန်းက ဗိုလ်ချုပ်ဈေးမှာ အပြများခဲ့ပါတယ်၊ လာရောက်ကြည့်ရှုဝယ်ယူတဲ့ သူတွေကတော့ အဲဒီတုန်းက သံတမန်တွေလောက်သာ ရှိပါတယ်”ဟူ၍လည်း ၎င်းက ပြောကြားပါသည်။

ပန်းချီဆရာ မင်းဝေအောင်၏ နေရောင်အောက်မှာ အမည်ရှိ ပန်းချီကားမှာ ရဟန်း၊ သံဃာတော်များ ထီးများကိုယ်စီဆောင်းလျက် လူ့ဘောင်လောကကို ကျောခိုင်း၍ အေးငြိမ်းစွာ တရားရှာ ကြွချီသွားပုံမှာ ဤသို့အသက်ဝင်လှသည်ကို တွေ့ရသည်။

“ကျွန်တော် ၁၉၉၃ ခုနှစ်မှာ အမေရိကန်သို့ တစ်လလောက် ပန်းချီပညာလေ့လာရန် ရောက်ခဲ့ပါတယ်။ ဒီနောက်မှာ ဂျပန်ကိုလည်း ရောက်ခဲ့ပါတယ်။ အဲဒီက တွေ့ကြုံခဲ့ရတဲ့ ပန်းချီ ဗဟုသုတတွေနဲ့ ပြည်တွင်းမှာ ပြန်ရောက်ရင် ဘယ်လိုတိုးတက်အောင် လုပ်မလဲလို့ စဉ်းစားပါတယ်။ ကျွန်တော် ငယ်စဉ်က ဘုန်းကြီးကျောင်းမှာ နေထိုင် ကျင်လည်ခဲ့သည့်အတွက် ရဟန်း၊ သံဃာတော်တွေကို သွားမြင်တယ်။ ရဟန်း၊ သံဃာတော်တွေရဲ့ ငြိမ်းချမ်းစွာတရားရှာခြင်းနဲ့ ကျွန်တော့်ရဲ့ ပန်းချီအတွေးနဲ့ ပေါင်းစပ်မိတဲ့ အခါမှာ ယခုလို သံဃာတော်တွေရဲ့ နောက်ဘက်မြင်ကွင်းတွေကို စပယ်ရှယ်လိုက် ရေးဆွဲခဲ့ပါတယ်။

အခုပြသနေတဲ့ကားတွေဟာ သံဃာတော်တွေ၊ သီလရှင်တွေရဲ့ နောက်ဘက်မြင်ကွင်း အနေအထားမှ ရေးဆွဲတဲ့ကား များပါတယ်။ သဘောကတော့ ရဟန်း၊ သံဃာတော်တွေဟာ လူ့ဘောင်ကို ကျောခိုင်းပြီး ငြိမ်းချမ်းရာ ဘုရားရိပ်၊ တရားရိပ်သို့ ခိုလှုံရန် ကျောခိုင်းကြွချီသွားသည့်သဘောဆောင်ပါတယ်။

ခြယ်မှုန်းတင်ပြ

သီလရှင်လေးများထွက်ခွာသည့် မြင်ကွင်းကိုလည်း ပန်းချီဆရာ မင်းဝေအောင်က ဤသို့ ခြယ်မှုန်းတင်ပြထားသည်။

ကြိုးစားခဲ့

အောင်မြင်တဲ့ ပန်းချီဆရာတစ်ယောက်အဖြစ် ကြိုးစားခဲ့ပုံကတော့ စောစောက ကျွန်တော် ပြောခဲ့တဲ့အတိုင်း ပန်းချီ၊ ပန်းပုကျောင်းက ဆင်းပြီးတဲ့နောက်မှာ ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေမှာရေးတယ်၊ အဲဒီနောက်မှာ အုပ်စုလိုက် ပြပွဲတွေ ပြခဲ့ပါတယ်။

အာရုံစိုက်

ဒီဘက်ခေတ်မှာ နိုင်ငံတော်ကလည်း အားပေးမှုကြောင့် မဂ္ဂဇင်းနဲ့ ဝတ္ထုတွေမှာ ရေးနေတာရပ်ပြီး ဒီဘက်ပန်းချီလိုင်းဘက်ကို အာရုံစိုက်ရေးဆွဲခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် အုပ်စုလိုက်ပြပွဲတွေနဲ့ တစ်ကိုယ်တော် ပြပွဲတွေ ပြသခဲ့ရာမှ တစ်စတစ်စ အောင်မြင်လာခဲ့ပါတယ်”ဟု ၎င်းကပြောကြားပါသည်။

အောင်မြင်စေ

သို့ဖြစ်၍ မြန်မာ့ရှုခင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ပန်းချီကားများ မြန်မာ့ပန်းချီကား ဈေးကွက်တွင်သာမက ကမ္ဘာ့ပန်းချီ ဈေးကွက်များသို့ပါ တိုးတက်ထိုးဖောက် အောင်မြင်စေရန် ပန်းချီလောကသားများ အနေဖြင့် အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မန္တလေး-မတ္တရာလမ်းမှ နည်းပညာတက္ကသိုလ် (မန္တလေး)အထိ ကတ္တရာခင်း ရေဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန် အမှတ်(၄)ရေတွန်းစက်ရုံ တည်ဆောက်

မန္တလေး ဖေဖော်ဝါရီ ၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့်ဌာနမှူးများ လိုက်ပါလျက် ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီက မန္တလေး-မတ္တရာလမ်းမှ နည်းပညာတက္ကသိုလ်(မန္တလေး)အထိ ဖောက်လုပ်လျက်ရှိသော မြို့ပတ်လမ်းမကြီး ကတ္တရာခင်းပြီးစီးမှုနှင့် မြေသားပြုပြင်မှုလုပ်ငန်း၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ ရေစစ်ကန်အနီး အကောင်အထည်ဖော်လျက်ရှိသော သဲရေစစ်ကန်၊ ရေဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန် အမှတ်(၄)ရေတွန်း စက်ရုံတည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ပြီးစီးမှု

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေး-မတ္တရာကားလမ်းမှ နည်းပညာတက္ကသိုလ်(မန္တလေး)အထိ ကတ္တရာလမ်းခင်း ပြီးစီးမှုနှင့် လမ်းသားခိုင်မာမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် နန်းရှေ့ ရေစစ်ကန်အနီး အကောင်အထည်ဖော်လျက်ရှိသော သဲရေစစ်ကန်၊ ရေဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန်အမှတ်(၄) ရေတွန်းစက်ရုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်းကို သွားရောက်စစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးရန်နိုင် ဒီဇင်ဘာ ၂၇ရက်က ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော ကြံကြာကြိုင်းကျေးရွာလမ်း ကျောက်ချောခင်းခြင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စနစ်တကျ

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့အရှေ့ခြမ်း ၅၈လမ်းနှင့် ၆၆လမ်းကြား၊ ၁၂လမ်းနှင့် လမ်း၃၀ကြားရှိ ဒေါနဘွား၊ အနိုပ်တော်၊ မဟာဇေယျာဘုံ၊ပြည်ကြီးမျက်ရှင်ရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေသန့်များ ရရှိရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ခြင်းဖြစ်၍ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ မိမိတို့ တာဝန်ယူထားသော လုပ်ငန်းများအလိုက် စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သဲရေစစ်ကန် တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းနေအိမ် တည်ဆောက်ပြီးစီးမှု၊ ရေတွန်းစက်ရုံအတွင်း Horizontal Boaster Pump တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သောက်သုံးရေ

အဆိုပါသဲရေစစ်ကန်၊ရေဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန် အမှတ်(၄) ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးသွားပါက မန္တလေးမြို့အရှေ့ဘက်ခြမ်း နယ်မြေရှိ အိမ်ထောင်စု ၆၅၀၀၊ လူဦးရေ ၃၀၀၀၀ကျော်တို့အတွက် တစ်ရက်လျှင် သန့်ရှင်းသော သောက်သုံးရေသန့် ဂါလန် ၁ဒသမ ၅ သန်းမှ ၂သန်းအထိ ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပူတာအိုခရိုင် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

ပူတာအို ဖေဖော်ဝါရီ ၂

ပူတာအိုခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း(၁/၂၀၀၇) ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ဦးစီးအရာရှိ ဦးချော်ဖာဂူက အမှာစကား ပြောကြားသည်။ (အောက်ပုံ)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများ၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်မြို့နယ်နှင့် ပန်နန်းဒင်မြို့များမှ သင်တန်းသားသင်တန်းသူ ၁၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကဝမြို့တွင် တည်ဆောက်ထားသော အရှည်ပေ ၁၅၀ ရှိ ဘေလီတိုင်စဉ် သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၃၀ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးကျော်မင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၄)ဦးမောင်မြင့်တို့က ရှင်းလင်းပြသစဉ်။ (၂၄၀)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၉-၂-၂၀၀၇ (တနင်္လာနေ့)
❑ National Unification of Myanmar by Alungmintaya
– တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Introduction to the Study of Law
– ပထမနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Continuous Functions
– တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၀-၂-၂၀၀၇ (အင်္ဂါနေ့)
❑ "ရဲဘော်မသေ သေသော်ငရဲမလား" (မ-၁၀၀၁)စကားပြေ
– ပထမနှစ် အထူးပြုအားလုံး
❑ "ဝေရွှန်းစန္ဒာ" ကဗျာပို့ချချက် (မ-၁၀၀၁)ကဗျာ
– ပထမနှစ် အထူးပြုအားလုံး
❑ "ဥမ္မာဒန္တီပျို့မိတ်ဆက်"ပျို့ ပို့ချချက်(မ-၁၀၀၂)ပျို့
– ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၁-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
❑ ALPHABET (အက္ခရာ)
– ပထမနှစ် မြန်မာစာ၊ ဒဿနိကဗေဒ၊ ရသစာပေ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ အကြောက်လွန်တုန့်ပြန်မှု (Phobic Reaction)
– တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Application of Maxwell's Equations
– တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၂-၂-၂၀၀၇ (ကြာသပတေးနေ့)
❑ Nuclear Binding Energy and Semi-Empirical Mass Formula
– တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ The Applications of Schroedinger's Equation
– တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၃-၂-၂၀၀၇ (သောကြာနေ့)
❑ Advanced Logic
– ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ The Structure of DNA
– တတိယနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Compare the Integument of Invertebrates
- တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၄-၂-၂၀၀၇ (စနေနေ့)
❑ Revenue Law
– ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Void Agreements
– ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Essentials of a Valid Contract
– ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Prose "Animal Farm"
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Communication
– ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Law of Contract and Tort II Negligence
– ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Second Year Notes
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Poetry
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ The Stolen Letter
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ The Jungle Cocks
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Phonetics
– ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၅-၂-၂၀၀၇ (တနင်္ဂနွေနေ့)
❑ URBAN Geography The Dynamics of URBAN Systems
– ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Regional Geography
– ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Map Projection (Gnomonic Projection)
– ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Earth's Major Biomes
– ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Modern USA
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Economic Construction after the October Revolution
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Post War USA
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ History of Science and Technology
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Modern South East Asia
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Background of European Expansion in Southeast Asia
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
❑ Slaves in Bagan
– ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ

ကျောက်တံခါး ဖေဖော်ဝါရီ ၂

လောကသရဖူ အောင်တော်မူ ကမ္ဘာ့ငြိမ်းချမ်းရေး ရုပ်ပွားတော်မြတ် ရွှေပလ္လင်ထက်သို့ ပင့်ဆောင်

ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဖဒိုငါးဇေ သာသနာ့နယ်မြေ ပဓာနနာယက ကိုရင်ကြီး ရှင်ဝိဇ္ဇာဗလက ကြီးမှူးတည်ဆောက်သော ဉာဏ်တော် ၂၇တောင် အလေးချိန်တန် ၉ဝရှိ လောကသရဖူ အောင်တော်မူ ကမ္ဘာ့ငြိမ်းချမ်းရေးရုပ်ပွားတော် ထာဝရကိန်းဝပ် စံပျော်မည့် ရွှေပလ္လင်ထက်သို့ ပင့်ဆောင်သည့် အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီက အဆိုပါ ဖဒိုငါးဇေ သာသနာ့နယ်မြေ ပရဝဏ် အတွင်း၌ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ကြွရောက်တော်မူကြသည့် သံဃာတော်များက မေတ္တာသုတ်များ ရွတ်ဖတ်ပူဇော်ကာ မြန်မာ့ရိုးရာ ဆိုင်းဝိုင်းဖြင့်အဆိုတော်များက ဓမ္မတေးများသီဆိုကာ ပူဇော်ကြပြီး ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖုန်းတင့်နှင့် ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့မှ စက်ယန္တရားမောင်း ဝန်ထမ်းများက မတ္တရာမြို့နယ် စကျင်ရွာတွင် ထုလုပ်ခဲ့သည့် ရုပ်ပွားတော်မြတ်ကြီးကို ၁၄ရက်ကြာ ပင့်ဆောင်လာသည့် မော်တော်ယာဉ်ပေါ်မှ စက်ယန္တရားများဖြင့်ရွှေပလ္လင်ထက်သို့ ပင့်ဆောင်ကြရာ **(အပေါ်ပုံ)** ဒေသခံ တိုင်းရင်းသားများက ရိုးရာကရင်ဒုံးအဖွဲ့ အမျိုးသား၊ အမျိုးသမီးများက ဒုံးအကဖြင့် ပူဇော်ကန်တော့ကြသည်။

လှူဒါန်းနိုင်

အဆိုပါ ဉာဏ်တော် ၂၇တောင်၊ အလေးချိန် တန်၉ဝရှိ စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် လောကသရဖူ အောင်တော်မူ ကမ္ဘာ့ငြိမ်းချမ်းရေး ရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်ကို ငွေကျပ်သိန်း တစ်သောင်းကျော် အကုန်အကျခံဆောက်လုပ်ပူဇော်မည်ဖြစ်ရာ ကျပ်တစ်သိန်းနှင့်အထက်အလှူရှင်များသည် (ကိုရင်ကြီး)ရှင်ဝိဇ္ဇာဗလ ဖုန်း-၀၅၂-၅၀၃၅၉၊ ဦးမြင့်စိုး ဖုန်း-၀၁-၆၆၂၃၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြို့ပင်ကောက် အုန်းတောကျေးရွာ၌ တွင်းတိမ်တူးဖော်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ကြို့ပင်ကောက် မြို့နယ် အုန်းတောကျေးရွာရှိ တစ်လက်မခွဲ တွင်းတိမ် တူးဖော်ဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၁ ရွာ၌ စက်ရေတွင်း သုံးတွင်းနှင့် တွင်းတိမ်ရှစ်တွင်းကို ငွေကျပ်၄၃သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ရုံးတော်ရပ် သန်လျင်မြို့ မင်းရဲကျော်စွာလမ်းနေ ဦးလှဖေ-ဒေါ်စု၊ မောင်နေလင်းထွန်းအောင် (ခေတ္တစင်ကာပူ) - သမီးကြီး ဒေါက်တာတင်လေးနွယ်(ခေတ္တစင်ကာပူ)၊မောင်သက်ဖေ-ဒေါက်တာနီတာနွယ်(ခေတ္တဂျပန်)၊ မကြည်တာနွယ်(ခေတ္တစင်ကာပူ)၊ မတင်နွယ်ထွေး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယကအကျိုးတော်ဆောင် အောင်တော်မူဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဦးညွန့်မောင်အား ရည်စူး၍ အမှတ်(၂၁၁)ဓမ္မရာဇာလမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဇနီးဒေါ်ငွေညွန့်နှင့် သားသမီးများက တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်လုံးဆိုင်ရာ ဟေမဝန်ဓမ္မာရုံ တိုးချဲ့ဆောက်လုပ်ရန်အတွက် ငွေကျပ်နှစ်သိန်းလေးသောင်းကို လှူဒါန်းရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးအောင်သိန်းက လက်ခံယူစဉ်။ (က-ပ)

ဒိုက်ဦးမြို့၌ ဂေရုတ်ပင်စိုက်ပျိုး

ဒိုက်ဦး ဇန်နဝါရီ ၃၀

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အဖွဲ့ပိုင် ဟင်းသီးဟင်းရွက် စိုက်ခင်းအတွင်း ဂေရုတ်ပင် ၁၀၀၀ မြေချစိုက်ပျိုးရာ ဇန်နဝါရီ၁၆ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းတို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်ချောခင်း

ကန်ကြီးထောင့်မြို့ ပဒေါင်းဝိုင်း မြို့ပြ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (၁၀၈)

ချိပ်ပိတ်တင်ဒါ (Sealed Tender)ခေါ်ယူခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း လက်အောက်ရှိ စက်ရုံများအတွက် New Conveyor Line for Firing Line of Enameling Furnace ၏ လျှော့က်လမ်း (Pipe)များကို ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါ ခေါ်ယူပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
၁။	Pipe (New Conveyor Line for Firing Line of Enameling Furnace)	110 Meter	၂၈-၂-၂၀၀၇

တင်ဒါပုံစံများကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အမှတ် (၁၉၂)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ် ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၁-၅၆၀၆၈၄၊ ၀၆၇-၄၀၈၁၄၆ ဖြစ်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်အတွက် ကြွေရည်သုတ်စက်ရုံ သုံးရုံ၏ ကုန်ထုတ်လုပ်မှုတွင် အသုံးပြုရန်အတွက် လိုအပ်သောဓာတ်ဆေးများ ကုန်ကြမ်းသံပြားများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၇-၂-၂၀၀၇ ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁-၅၆၀၆၈၇၊ ၀၆၇-၄၀၈၃၄၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၂၀၆၆၀ (ကန်ဘို ၁၁၀)ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်နှင့် ယာဉ်အမှတ် ပသ/၂၀၅၆၆(လုံစင်း၁၁၀)ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းမှ လည်းကောင်း၊ ယာဉ်အမှတ် ပသ/၁၆၃၆၇ (ကန်ဘို ၁၂၅)ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်းတို့က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားကြသဖြင့် ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊(မအူပင်မြို့)။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မစီစီသန်း (ခ) မစီ ၁၄/မအပ(နိုင်)၀၀၆၇၁၂ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘ၊ ဆွေမျိုးများအား စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်း၏ ကိစ္စအဝဝနှင့်ပတ်သက်၍အရှုပ်အရှင်းများ အားလုံး(လုံးဝ)တာဝန်မယူပါ။

မေးမြန်း စုံစမ်းခြင်းသည်းခံပါ။
ဒေါ်စောကြည်
၁၄/မအပ(နိုင်)၀၀၆၇၀၉
အမှတ်(၃၄)အောင်ဇေယျလမ်း၊
(၄)ရပ်ကွက်၊ မအူပင်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ အလုံမြို့နယ် အောင်ဇေယျအိမ်ရာ တိုက်အမှတ်(၁)၊ အခန်းအမှတ် ၆၀၈ သည် ယခုလက်ရှိ ဦးဝေလင်းအမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးဝေလင်းထံမှ ဒေါ်ခင်သိန်းရီသို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်ခင်သိန်းရီမှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

အသိပေးကြေညာချက်

ဦးနိုင်ရွှေ ၁၂/အစန(နိုင်)၀၈၉၂၉၆၊ ထီသိမ်ရွှေးတောင်၊ နယ်မြေ(၅)၊ ပန်းတင်ကျေးရွာအုပ်စု၊ တောင်ကြီးမြို့ (ယခုလိပ်စာမသိ)ရှမ်းပြည်နယ်တောင်ပိုင်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် တိုက်ခန်းကိစ္စဖြေရှင်းဆောင်ရွက်ရန် ရှိပါ၍ ဤနေ့မှစ၍ တစ်လအတွင်း အမြန်ဆက်သွယ်ရန်နှင့် ကျော်လွန်ပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန
ရှမ်းပြည်နယ်တောင်ပိုင်း။

အမည်ပြောင်း မင်းဘူးမြို့ မြို့မ အလက သူငယ်တန်း(က)တွင် ပညာသင်ကြားနေသော (အဖ)ဦးစိုးဇော်လတ်မြင့်၏ သား မောင်အောင်ခွန်စောအား ယနေ့မှစ၍ မောင်စောခွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စောခွန်အောင်။**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ တစ်နေ့တန်(၂၀၀) ပျော့ဖတ်စက်ရုံ(သာပေါင်း)အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	(Supply of 66 KV Athoke-Thabaung) Double Circuit Line	(1) Lot
(ခ)	Supply of equipments for 66/11KV Switch Yard Substation(Thabaung)	(1) Lot

၂။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် ၂၆-၃-၂၀၀၇ မွန်းလွဲ ၁၄း၀၀နာရီ

၃။ သိရှိလိုသည့် အချက်များရှိပါက စီမံကိန်းဌာန ဖုန်းနံပါတ်-၅၅၉၂၃၆သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၁၇ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	ပင်ရင်းမြန်မာစာဘာသာရပ်	၁၇-၂-၂၀၀၇
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၁၈-၂-၂၀၀၇
၃။	အင်္ဂလိပ်စာဘာသာရပ်	၁၉-၂-၂၀၀၇
၄။	သင်္ချာဘာသာရပ်	၂၀-၂-၂၀၀၇
၅။	ရူပဗေဒဘာသာရပ်	၂၁-၂-၂၀၀၇
၆။	ဓာတုဗေဒဘာသာရပ်	၂၂-၂-၂၀၀၇
၇။	ဇီဝဗေဒဘာသာရပ်	၂၃-၂-၂၀၀၇
၈။	သမိုင်းဘာသာရပ်	၂၄-၂-၂၀၀၇
၉။	ပထဝီဝင်ဘာသာရပ်	၂၅-၂-၂၀၀၇
၁၀။	ဘောဂဗေဒဘာသာရပ်	၂၆-၂-၂၀၀၇

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ခင်စွာ အတူတကွနေထိုင်ပြီး မိမိတို့ယုံကြည်ရာ ဘာသာများကို လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်ရှိ

CSW ၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအား ပျက်စီးစေလိုသူတို့၏ ပူးပေါင်းလုပ်ကြံမှုဖြစ် မဟုတ်မမှန်သည့်အချက်အလက်များ ဖော်ပြစွပ်စွဲထားခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့များက မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေးအရေးယူနိုင်ရေးအတွက် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ပြည်တွင်းပြည်ပ အချိန်ကိုက်ဟန်ချက်ညီ ပူးပေါင်းလုပ်ကြံလျက်ရှိ

၂၀၀၂က Licensed to Rape အစီရင်ခံစာဖြင့် ကုလသမဂ္ဂမှအရေးယူရေး SWAN အဖွဲ့က လုပ်ကြံခဲ့သည့်အတိုင်း ဆက်လက်ဖိအားပေး အရေးယူနိုင်ရေးအတွက် တစ်ဖက်နိုင်ငံအခြေစိုက် ကရင်အမျိုးသမီးအစည်းအရုံးဆိုသည့်အဖွဲ့က ယခုအခါ တစ်ထပ်တည်း ထပ်မံလုပ်ကြံဖန်တီးစွပ်စွဲမှု ပြုလုပ်လာ

ဘာသာရေးကိုခုတုံးလုပ်ပြီး မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်အမြတ်ထုတ်ရန် CSW နှင့် ပူးပေါင်းလုပ်ကြံခဲ့သော်လည်း မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့်ရှိကြောင်း လက်တွေ့သိမြင်နေသည့်အသင်းအဖွဲ့များက ကန့်ကွက်ပယ်ချခဲ့

အရွယ်မရောက်သူကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍လည်း မဟုတ်မမှန်ကြောင်းကို သက်သေသာဓကများနှင့်တကွ တာဝန်ရှိသူများက သံတမန်များအား အကျယ်တဝင့်ရှင်းလင်းပြသ

ယင်းသို့ ပြည်ပမှလုပ်ကြံစွပ်စွဲထိုးနှက်မှုများနှင့် အချိန်ကိုက်ဟန်ချက်ညီ NLD နှင့် CRPP ကလည်း တွေ့ဆုံဆွေးနွေးရေး၊ လွှတ်တော်ခေါ်ပေးရေးတို့ကို ဆက်လက်ဆုပ်ကိုင်တောင်းဆိုလျက်ရှိ

CRPP သည် တရားဝင်အဖွဲ့အစည်းမဟုတ်သဖြင့် ယခုကဲ့သို့ တောင်းဆိုမှုပြုလုပ်ရန်အခွင့်မရှိ သက်ဆိုင်ရာတာဝန်ရှိသူများက CRPP အား ခေါ်ယူသတိပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရန်အတွက် အမေရိကန်နှင့်ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် (Resolution) မူကြမ်းတင်သွင်းခဲ့သော်လည်း ဗီတိုအာဏာ (Double Veto) ဖြင့် ပယ်ချခံခဲ့ရသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●